# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၁၄] ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် (၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်) } သောကြာနေ့ [အတွဲ ၇၅

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကို အား အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်း ခန့်ထားလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်)

**ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်များ၏ မြစ်ဖျားမှစတင်ပြီး ပင်လယ်သို့ရောက်သည်အထိ ရေစီးနှုန်းတိုင်းတာရန်နှင့် ရေလမ်းကြောင်းအခြေအနေအပါအဝင် ရေအရင်း အမြစ်ပမာဏတို့ကို စူးစမ်းလေ့လာဆောင်ရွက်နိုင်ရေးအတွက် **ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေး အဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်သည်−

(က) ပြည်ထောင်စုဝန်ကြီး ဥက္ကဋ္ဌ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ခ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဂ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဃ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(င) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
စက်မှုဝန်ကြီးဌာန

(စ) ပြည်ထောင်စုဝန်ကြီး အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဈ) ပါမောက္ခချုပ် အဖွဲ့ဝင်
မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မြေတိုင်းဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဍ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆင့်မြင့်ပညာဦးစီးဌာန
ပညာရေးဝန်ကြီးဌာန

(ဎ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဏ) တပ်မှူး အဖွဲ့ဝင်
ရေတပ်ပင်မတိုင်းတာရေးတပ်
ကာကွယ်ရေးဦးစီးချုပ်ရုံး (ရေ)

(တ) ညွှန်ကြားရေးမှူးချုပ်  အတွင်းရေးမှူး
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

၂။ ရေအားအရင်းအမြစ်စူးစမ်းလေ့လာရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းတာရေးလုပ်ငန်းများအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဆောင်ရွက်ပေးရန်၊

( ခ ) မြစ်ဖျားမှ ပင်လယ်ဝအထိ ရေစီးနှုန်းများ တိုင်းတာဆောင်ရွက်ရန်၊

( ဂ ) မြစ်များ၏ မြစ်ဝှမ်းဒေသ (Basin) ဧရိယာ တိုင်းတာတွက်ချက်ဆောင်ရွက်ရန်၊

(ဃ) သဲနှုန်းအနည်ကျမှုနှုန်းကို အသေးစိတ်စူးစမ်းလေ့လာတိုင်းတာဆောင်ရွက်ရန်၊

( င ) မိုးလေဝသနှင့် ဇလဗေဒဆိုင်ရာ အချက်အလက်များအား စုစည်းဆောင်ရွက်ရန်၊

( စ ) တိုင်းတာရရှိသည့်အချက်အလက်များကို အခြေခံ၍ ရေနည်းချိန်နှင့် ရေများချိန်ရေထုစီးနှုန်းများ တွက်ချက်ဆောင်ရွက်ရန်၊

(ဆ) ရေကြောင်းပို့ဆောင်ရေး၊ သောက်သုံးရေနှင့် စိုက်ပျိုးရေပေးဝေရေး စသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လေ့လာဆန်းစစ်ဆောင်ရွက်ရန်၊

( ဇ ) မြစ်များတွင် အကောင်အထည်ဖော်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်သက်ရောက်နိုင်မှုများအပေါ် လေ့လာဆန်းစစ်ဆောင်ရွက်ရန်၊

( ဈ ) လိုအပ်သောလုပ်ငန်းအဖွဲ့ခွဲများ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ည) ရေအားအရင်းအမြစ် စူးစမ်းလေ့လာရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ အစီရင်ခံတင်ပြရန်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်)

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းနှင့် ချီးမြှင့်ငွေသတ်မှတ်ခြင်း

၁။ ဝန်ထမ်းအဖွဲ့အစည်းအသီးသီးရှိ အရာထမ်း၊ အမှုထမ်းအခေါ်အဝေါ်များနှင့် လစာနှုန်းထားများကို ယခင်ပြည်ထောင်စုအစိုးရအဖွဲ့မှ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၉/၂၀၂၀ ဖြင့် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်ပါသည်။

၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော် အား အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခဲ့ရာ ၎င်းသည် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့တွင် အငြိမ်းစားယူပြီးသဖြင့် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် တာဝန်ထမ်းဆောင်နေသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦး အား အမြဲတမ်းအတွင်းဝန်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၃။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးသန်းနိုင်ဦး သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဆိုင်ရာဦးစီးဌာန၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့်စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၁၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်–

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်သိင်္ဂီဝင်း<br>တ/၃၂၆၁ | မင်းတုန်း<br>မကွေးတိုင်းဒေသကြီး |
| ၂။ | ဒေါ်လှလှငြိမ်း<br>တ/၃၄၆၈ | သပိတ်ကျင်း<br>မန္တလေးတိုင်းဒေသကြီး |
| ၃။ | ဒေါ်အေးသူဇာနွယ်<br>တ/၃၄၉၃ | ဗဟန်း<br>ရန်ကုန်တိုင်းဒေသကြီး |
| ၄။ | ဦးထက်ဝေယံမြင့်<br>တ/၃၅၁၄ | ကျောက်တံတား<br>ရန်ကုန်တိုင်းဒေသကြီး |
| ၅။ | ဦးဇန်ဒီ<br>တ/၃၅၂၃ | ကန့်ဘလူ<br>စစ်ကိုင်းတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၁၄/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးတို့အား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်လှဲ့ရည်မွန် တ/၃၁၈၁ | ထန်းတပင် ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဦးခွန်မောင်ဒီး တ/၃၃၀၅ | ညောင်ရွှေ ရှမ်းပြည်နယ် |
| ၃။ | ဦးကောင်းထက်ဇော် တ/၃၄၀၅ | ငါန်းဇွန် မန္တလေးတိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၃၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးနှင့် တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဦးသန်းနိုင်ဦး တ/၂၉၀၅ | ခရမ်း ရန်ကုန်တိုင်းဒေသကြီး |
| ၂။ | ဦးသန်းဝင်း တ/၃၁၄၀ | လပွတ္တာ ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | ဦးမျိုးခန့်လွင် တ/၃၃၀၄ | ဘုတ်ပြင်း တနင်္သာရီတိုင်းဒေသကြီး |
| ၄။ | ဒေါ်ဇာခြည်လှိုင် တ/၃၄၁၀ | သာကေတ ရန်ကုန်တိုင်းဒေသကြီး |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၃၂/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ တောင်ငူမြို့နယ်တရားရုံးမှ ဒုတိယတန်းရာဇဝတ်အာဏာရ ဒုတိယမြို့နယ်တရားသူကြီး ဦးညီနေဝင်းဇင် (တ/၃၅၁၈) အား ပထမတန်းရာဇဝတ်အာဏာနှင့် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၀၈၊ ၁၁၀၊ ၁၄၃၊ ၁၈၆၊ ၁၉၀၊ ၁၉၂၊ ၂၆၀၊ ၄၀၇၊ ၅၂၄ တို့အရ စစ်ဆေးနိုင်သည့် ရာဇဝတ်အာဏာအပ်နှင်းလိုက်သည်။

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၁၃၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ဒုတိယတန်းရာဇဝတ်အာဏာရနှင့် ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီးများအား ၎င်းတို့အမည်နှင့် ယှဉ်တွဲဖော်ပြထားသော မြို့နယ်တရားရုံးများတွင် မြို့နယ်တရားသူကြီး တာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ အကျဉ်းနည်းဖြင့် စစ်ဆေးနိုင်သည့် အာဏာနှင့် အထူးရာဇဝတ်အာဏာအပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်ပြည့်ဖြိုးသိမ့် တ/၃၁၉၀ | ဇီးကုန်း ပဲခူးတိုင်းဒေသကြီး |
| ၂။ | ဒေါ်ယဉ်ယဉ်မိုး တ/၃၂၁၆ | လေးမျက်နှာ ဧရာဝတီတိုင်းဒေသကြီး |
| ၃။ | ဦးဇေယျာမျိုး တ/၃၂၂၄ | မြန်အောင် ဧရာဝတီတိုင်းဒေသကြီး |
| ၄။ | ဦးဖြိုးစည်သူ တ/၃၅၀၇ | မာန်အောင် ရခိုင်ပြည်နယ် |

ထွန်းထွန်းဦး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

၁။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) ၏ သဘောတူညီချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနအလိုက် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဦးစီးမှူး (၁၇) ဦး တို့အား ၎င်းတို့၏ အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရာထူး၊ လစာနှုန်းနှင့် ဌာနများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

(က) **ကော်မရှင်ရုံးအဖွဲ့**

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (၁) | ဦးမြအေး | ဦးစီးမှူး (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ကော်မရှင်ရုံးအဖွဲ့ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကော်မရှင်ရုံးအဖွဲ့ |
| (၂) | ဦးကံထူး | ဦးစီးမှူး (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ကော်မရှင်ရုံးအဖွဲ့ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကော်မရှင်ရုံးအဖွဲ့ |
| (၃) | ဒေါ်သူဇာအောင် | ဦးစီးမှူး (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ကော်မရှင်ရုံးအဖွဲ့ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကော်မရှင်ရုံးအဖွဲ့ |
| (၄) | ဦးကြည်လင် | ဦးစီးမှူး (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ကော်မရှင်ရုံးအဖွဲ့ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကော်မရှင်ရုံးအဖွဲ့ |
| (၅) | ဒေါ်အိအိကျော် | ဦးစီးမှူး (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ကော်မရှင်ရုံးအဖွဲ့ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကော်မရှင်ရုံးအဖွဲ့ |
| (၆) | ဦးကျော်မင်းလှိုင် | ဦးစီးမှူး (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ကော်မရှင်ရုံးအဖွဲ့ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကော်မရှင်ရုံးအဖွဲ့ |
| (၇) | ဦးမင်းနိုင် | ဦးစီးမှူး (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ကော်မရှင်ရုံးအဖွဲ့ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ကော်မရှင်ရုံးအဖွဲ့ |

(ခ) **စီမံရေးရာဦးစီးဌာန**

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (၁) | ဦးလင်းအောင် | ဦးစီးမှူး (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) အထွေထွေစီမံခန့်ခွဲရေးဌာနခွဲ | ဦးစီးအရာရှိ (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) အထွေထွေစီမံခန့်ခွဲရေးဌာနခွဲ |

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (၂) | ဒေါ်ဇာဇာထွေး | ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဝန်ထမ်းရေးရာဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ထမ်းရေးရာဌာနခွဲ |
| (၃) | ဦးဝင်းမင်းသန့် | ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>လူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>လူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးရေးဌာနခွဲ |
| (၄) | ဦးဗျားရယ် | ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဝန်ထမ်းရေးရာဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဝန်ထမ်းရေးရာဌာနခွဲ |
| ( ဂ ) | **နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန** | | |
| (၁) | ဦးသန်းဦး | ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>အသိပညာပေးရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>အသိပညာပေးရေးနှင့်<br>ပြည်သူ့ဆက်ဆံရေးဌာနခွဲ |
| (၂) | ဦးဝင်းထွန်းနိုင် | ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>တားဆီးကာကွယ်ရေး<br>ဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>တားဆီးကာကွယ်ရေး<br>ဌာနခွဲ |
| (၃) | ဦးဇော်ငွေးအောင် | ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>တားဆီးကာကွယ်ရေး<br>ဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>တားဆီးကာကွယ်ရေး<br>ဌာနခွဲ |
| (၄) | ဦးချမ်းငြိမ်းသူ | ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>နိုင်ငံတကာရေးရာဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>နိုင်ငံတကာရေးရာဌာနခွဲ |
| (ဃ) | **စုံစမ်းစစ်ဆေးရေးဦးစီးဌာန** | | |
| (၁) | ဒေါ်ဝင်းဝင်းမော် | ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဥပဒေရေးရာဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဥပဒေရေးရာဌာနခွဲ |
| (၂) | ဒေါ်အေးစန္ဒာမျိုး | ဦးစီးမှူး<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ဥပဒေရေးရာဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ဥပဒေရေးရာဌာနခွဲ |

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ အရ တိုးမြှင့်ခန့်ထားသည့် ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂)

၁။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) ၏ သဘောတူညီချက်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ စုံစမ်းစစ်ဆေးရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ စုံစမ်းရေးမှူး (၂) ဦး တို့အား ၎င်းတို့၏ အမည်နှင့်ယှဉ်တွဲဖော်ပြပါ ရာထူး၊ လစာနှုန်းနှင့် ဌာနများသို့ တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
|---|---|---|---|
| (က) | ဦးစိုးတင့် | စုံစမ်းရေးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၆) | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>စုံစမ်းစစ်ဆေးရေးဌာနခွဲ (၆) |
| ( ခ ) | ဦးသန့်ဇင် | စုံစမ်းရေးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>သတင်း၊ တိုင်ကြားစာနှင့်<br>မှတ်တမ်းဌာနခွဲ<br>(e-Government ဌာနခွဲသို့တွဲ) | ဦးစီးအရာရှိ (စုံစမ်းစစ်ဆေးရေး)<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>သတင်း၊ တိုင်ကြားစာနှင့်<br>မှတ်တမ်းဌာနခွဲ<br>(e-Government ဌာနခွဲသို့တွဲ) |

၂။ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၅၁ အရ တိုးမြှင့်ခန့်ထားသည့် ရာထူး၏ လစာနှုန်းတန်းတွင် အနိမ့်ဆုံးလစာအဆင့်မှစ၍ သတ်မှတ်ခံစားခွင့်ပြုလိုက်သည်။

တင်ဦး
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂)

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်)

### ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | ဒုတိယဝန်ကြီး<br>ကျန်းမာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

( င ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ဆေးသုတေသနဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

( စ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
တိုင်းရင်းဆေးပညာဦးစီးဌာန
ကျန်းမာရေးဝန်ကြီးဌာန

( ဇ ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
အားကစားနှင့် ကာယပညာဦးစီးဌာန
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မီးသတ်ဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

( ဋ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပြန်ကြားရေးဝန်ကြီးဌာန

( ဌ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

( ဍ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ပညာရေးဝန်ကြီးဌာန

( ဎ ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန

(ဏ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဆောက်လုပ်ရေးဝန်ကြီးဌာန

(တ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ထ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

| | | |
|---|---|---|
| (ဒ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကြက်ခြေနီအသင်း | အဖွဲ့ဝင် |
| (ဓ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဆရာဝန်အသင်း | အဖွဲ့ဝင် |
| (န) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကျန်းမာရေးမှူးအသင်း | အဖွဲ့ဝင် |
| (ပ) | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း | အဖွဲ့ဝင် |
| (ဖ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | အတွင်းရေးမှူး |
| (ဗ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (ကူးစက်)<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၁) |
| (ဘ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး)<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | တွဲဖက်အတွင်းရေးမှူး (၂) |

၂။ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်ရန်၊

(ခ) ကျန်းမာရေးဝန်ကြီးဌာန၊ အရေးပေါ်ကွပ်ကဲရေးဌာန (Emergency Operations Centre-EOC)၊ ဦးစီးဌာနအသီးသီးနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ EOC များအား အသင့်အနေအထားတွင် ရှိစေရေးအတွက် ပြင်ဆင်ထားရှိရန် ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် Table Top Exercise များ၊ Simulation Exercise များ ဆောင်ရွက်ရန်၊

(ဂ) သဘာဝဘေးကျရောက်သည့် အရေးပေါ်အခြေအနေတွင် Central Command System ဖြင့် ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာ ဦးစီးဌာနများနှင့် တိုင်းဒေသကြီး/ပြည်နယ်များသို့ စတင် ညွှန်ကြားရန်၊

(ဃ) ဗဟို၊ တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး Rapid Response Team များ အသင့်ဖွဲ့စည်းနိုင်ရေးအတွက် သင်တန်းပေးရန်နှင့် ကြီးကြပ်ဆောင်ရွက်ရန်၊

(င) သဘာဝဘေးကျရောက်နိုင်သည့်ဒေသများ၌ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဆေးရုံ၊ ဆေးခန်းနှင့် ဆေးကုသရေးအဖွဲ့များ အသင့်ဖွဲ့စည်းဆောင်ရွက်ရန်၊

(စ) ယာယီကယ်ဆယ်ရေးစခန်းများတွင် Camp Management လုပ်ငန်းများနှင့် ကူးစက်ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကူးစက်ရောဂါတိုက်ဖျက်ရေးအထူးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူလူထုအား သဘာဝဘေး၏ နောက်ဆက်တွဲကျန်းမာရေး ပြဿနာများဖြစ်သည့် စိတ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် မကူးစက်တတ်သော နာတာရှည် ရောဂါများ ကုသနိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုအတွက် လိုအပ်သောသင်တန်းများပေးရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဈ) လိုအပ်သော ဆေးဝါးများစုဆောင်းထားရှိရန်နှင့် သိုလှောင်ဖြန့်ဖြူးမှုများ စီစဉ်ဆောင်ရွက်ရန်၊

(ည) လိုအပ်သော ရန်ပုံငွေများကို ကြိုတင်လျာထားဆောင်ရွက်ရန်၊

(ဋ) သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပုံမှန်အခြေအနေသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဌ) သဘာဝဘေးကြောင့် ဆေးရုံ၊ ဆေးခန်း၊ ကျန်းမာရေးဌာနများ ပျက်စီးမှုရှိပါက အမြန်ဆုံး ပြန်လည်ပြုပြင်ရန်၊ တည်ဆောက်ရန်နှင့် လိုအပ်ပါက အဆင့်တိုးမြှင့်တည်ဆောက်ရန်၊

(ဍ) ကျန်းမာရေးဝန်ကြီးဌာန၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပါဝင်သည့် ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့ (Health Cluster) ကိုဖွဲ့စည်း၍ ဦးဆောင် ဆောင်ရွက်ရန်၊

(ဎ) နိုင်ငံတကာမှ ကျန်းမာရေးစောင့်ရှောက်မှုပေးမည့် ဆေးအဖွဲ့များ (International Health Teams) ခေါ်ယူရေးကြီးကြပ်ဆောင်ရွက်ရန်၊ နိုင်ငံတကာဆေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(ဏ) သဘာဝဘေးသင့်ဒေသများတွင် ဖြစ်ပွားတတ်သည့် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့်ပတ်သက်၍ အသိပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ထားရှိရန်၊ အရေးပေါ်ကာလတွင် သတင်းမီဒီယာများမှတစ်ဆင့် စဉ်ဆက်မပြတ်ထုတ်လွှင့်ဖော်ပြပေးရန်၊

(တ) ဘေးသင့်ဒေသများတွင် ကျန်းမာရေးဆိုင်ရာပြဿနာများနှင့် ဖြေရှင်းဆောင်ရွက်မှုများကို သတင်းမီဒီယာများမှတစ်ဆင့် ထုတ်ပြန်ပေးရန်၊

(ထ) ကော်မတီ၏ လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး၊ အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဒ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လ တစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဓ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၄/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂)

## ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | |
|---|---|
| (က) ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) အမြဲတမ်းအတွင်းဝန်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(ဂ) အတွင်းရေးမှူး — အဖွဲ့ဝင်
နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး

(ဃ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အဆောက်အဦဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
လူမှုဝန်ထမ်းဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဌ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ဗဟိုစာရင်းအင်းအဖွဲ့
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဍ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

၂။ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) သဘာဝဘေးဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှု ကိန်းဂဏန်းအချက်အလက်များ ကောက်ယူနိုင်ရေး၊ ကနဦးလိုအပ်ချက်များစိစစ်နိုင်ရေးတို့အတွက် လိုအပ်သည့်စာရင်းကောက်ယူမှုပုံစံများ ကြိုတင်ရေးဆွဲပြင်ဆင်ထားရန်၊

( ခ ) ဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုဒေသ၏ဖွံ့ဖြိုးမှုအခြေအနေ (လူဦးရေ၊ စီးပွားရေးလုပ်ငန်းများ၊ အခြေခံအဆောက်အဦများ စသည်ဖြင့်) ကို လေ့လာဆန်းစစ်ဖော်ထုတ်၍ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးနိုင်သည့်အခြေအနေများကို ကြိုတင်ဆန်းစစ်ဖော်ထုတ်ထားရန်၊

( ဂ ) ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်းအချက်အလက်များကောက်ယူနိုင်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ကြိုတင်ချိတ်ဆက်၍ လုပ်ငန်းဆောင်ရွက်မှုစနစ်များ ထူထောင်ထားရန်၊

(ဃ) လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးစသည်ဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် ပျက်စီးဆုံးရှုံးမှုကိန်းဂဏန်းအချက်အလက်များရရှိရေးနှင့် အတည်ပြုနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( င ) ဘေးအန္တရာယ်ဖြစ်ပွားပြီးသည်နှင့် ဖြစ်နိုင်သမျှ ချက်ချင်းသတင်းရရှိစေရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အထိ ဆက်သွယ်ရေးကွန်ရက်စနစ်များ ထူထောင်ထားရှိရန်နှင့် မြေပြင်သတင်းရယူရေးအဖွဲ့များ ဖွဲ့စည်းထားရှိ ချိတ်ဆက်ဆောင်ရွက်ရန်၊

( စ ) ကနဦးသိရှိရသည့် သတင်းအချက်အလက်များအရ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့ရေးလုပ်ငန်းများ၊ ဘေးသင့်ဒေသ၏ လိုအပ်ချက်များကို သုံးသပ်အကြံပြုပေးရန်၊

(ဆ) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ပျက်စီးဆုံးရှုံးမှုစာရင်းများကို အပြီးသတ်အတည်ပြုပေးရန်နှင့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်၊

( ဇ ) ကနဦးပျက်စီးဆုံးရှုံးမှုစာရင်းများ၊ အတည်ပြုပြီးသည့် ပျက်စီးဆုံးရှုံးမှုစာရင်းများနှင့်ပတ်သက်၍ ပြည်သူသို့ ထုတ်ပြန်ကြေညာနိုင်ရန်နှင့် နိုင်ငံတကာသို့ ကြေညာပေးနိုင်ရန်အတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

( ဈ ) ဘေးအန္တရာယ်တစ်ခုဖြစ်ပွားပြီးနောက် ကနဦးလိုအပ်ချက်များ၊ ရေရှည်အတွက် လိုအပ်ချက်များ၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကဏ္ဍအလိုက်လိုအပ်ချက်များကို ဖော်ထုတ်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ လုပ်ငန်းကော်မတီများ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများသို့ အကြံပြုပေးရန်၊

(ည) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

( ဋ ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လ တစ်ကြိမ်အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

( ဌ ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်သွားရန်၊

( ဍ ) တိုင်းဒေသကြီး/ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးနှင့် ဗဟိုစာရင်းအင်းအဖွဲ့ ရုံးခွဲတို့ပူးပေါင်း၍ ပျက်စီးဆုံးရှုံးမှုများကို နေ့စဉ် Update စာရင်းများပြုစု၍ အတွင်းရေးမှူးရုံး (ဗဟိုစာရင်းအင်းအဖွဲ့) သို့ ပေးရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၅/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၂)

## အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ရေးရာဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>စက်မှုဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဇ) | ညွှန်ကြားရေးမှူးချုပ်<br>အလုပ်သမားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ငါးလုပ်ငန်းဦးစီးဌာန<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဋ) | ညွှန်ကြားရေးမှူး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဌ) | ညွှန်ကြားရေးမှူး<br>သမဝါယမဦးစီးဌာန<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဍ) | ညွှန်ကြားရေးမှူး<br>လူမှုဝန်ထမ်းဦးစီးဌာန<br>လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဎ) ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဏ) ဥက္ကဋ္ဌ — အဖွဲ့ဝင်
မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်

(တ) ညွှန်ကြားရေးမှူးချုပ် — အတွင်းရေးမှူး
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန

(ထ) ဒုတိယညွှန်ကြားရေးမှူးချုပ် — တွဲဖက်အတွင်းရေးမှူး
မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

၂။ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) နိုင်ငံတစ်ဝန်း ဒေသအလိုက် ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ဒေသ၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများကို လေ့လာဆန်းစစ်ဖော်ထုတ်ထားရန်၊

(ခ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးအစီအမံများ ကြိုတင်ရေးဆွဲထားရှိရန်၊

(ဂ) ဒေသအလိုက်၊ ရာသီကာလအလိုက် သဘာဝဘေးအန္တရာယ်ဖြစ်ပွားနိုင်မှု အခြေအနေပေါ်မူတည်၍ လုပ်ကိုင်ဆောင်ရွက်သင့်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပြည်သူသို့ အကြံပေးရန်၊ လိုအပ်ပါက နည်းပညာပံ့ပိုးပေးရန်၊ သင်တန်းများပေးရန် (ဥပမာ။ ရေနက်ကွင်းများတွင် စိုက်ပျိုးနိုင်သည့် မျိုးစပါးများ/ရေဒဏ်ခံနိုင်သည့် မျိုးစပါးများ စိုက်ပျိုးခြင်း၊ ရေကြီးနိုင်သည့်ဒေသတွင် ကြက်မွေးမြူရေးလုပ်ငန်းအစား ရေတွင် အသက်ရှင်နိုင်သည့် ဘဲမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ခြင်း။)

(ဃ) ဘေးသင့်ဒေသတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အခြားသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပုံမှန်ပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် ရင်းနှီးမတည်ပေးနိုင်ရေး၊ နည်းပညာပံ့ပိုးပေးရေး၊ လုပ်ငန်းလည်ပတ်နိုင်ရေးတို့အတွက် ကြိုတင်စီမံဆောင်ရွက်ထားရန်၊

(င) ပြန်လည်ထူထောင်ရေးအပိုင်းတွင် အစောပိုင်းကာလပြန်လည်ထူထောင်ရေးနှင့် ရေရှည်ပြန်လည် ထူထောင်ပေးရမည့်အပိုင်းဟူ၍ ခွဲခြားသတ်မှတ်ဆောင်ရွက်ရန်၊

(စ) ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်ကဏ္ဍများတွင် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ၊ ပညာရှင်အဖွဲ့အစည်းများ၊ UN, INGOs, NGOs အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်ကြီးများနှင့် ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် ကွဲကွာသွားသော မိသားစုများ ပြန်လည်ပေါင်းစည်းရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားရသူများအား စိတ်ဓာတ်ပြန်လည်မြှင့်တင်ပြီး လူမှုအဖွဲ့အစည်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေး ဆောင်ရွက်ပေးရန်၊

(ဇ) ဘေးသင့်သူများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ဘေးသင့်ဒေသများ၌ ရေရှည်တည်မြဲစေမည့်၊ ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေမည့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာစေရေးအတွက် ဆောင်ရွက်ပေးရန်၊

(ဈ) ဘေးသင့်ပြည်သူများ၏ လူနေမှုဘဝကို မူလအခြေအနေရောက်သည်အထိ ထူထောင်ပေးပြီး ထိုသို့ မူလအခြေအနေရောက်သည်အထိ ထူထောင်ပြီးပါက နိုင်ငံတော်၏မူလဖွံ့ဖြိုးရေးစီမံချက်ပါအတိုင်း ပြည့်မီအောင် ထူထောင်ပေးရန်၊

(ည) ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် သဘာဝဘေးလျော့ပါးရေး လုပ်ငန်းစဉ်များ ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန်၊ (မူလဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိသော လူသားအရင်းအမြစ်နှင့် အခြေခံအဆောက်အအုံများကို ထည့်သွင်းတွက်ချက်တည်ဆောက်ခဲ့ပါက အန္တရာယ်ဖြစ်ပွားလွယ်မှုလျော့နည်းပြီး ထိခိုက်ဆုံးရှုံးနိုင်ခြေကို လျှော့ချနိုင်ကာ ပြန်လည်ထူထောင်ရေးကိစ္စရပ်တွင်လည်း လွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။)

(ဋ) ဘေးသင့်ဒေသများ၏ ကုန်စည်စီးဆင်းမှုပုံမှန်ပြန်လည်ဖြစ်စေရေးအတွက် ဆောင်ရွက်ပေးရန်၊

(ဌ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင်ဆောင်ရွက်ရန်၊

(ဍ) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဎ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၆/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၂၂)

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ** ကို အောက်ပါအတိုင်း ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ပြည်ထောင်စုဝန်ကြီး<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | အမြဲတမ်းအတွင်းဝန်<br>သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>ပြန်ကြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ညွှန်ကြားရေးမှူးချုပ်<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ညွှန်ကြားရေးမှူးချုပ်<br>သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန | အဖွဲ့ဝင် |

(ဆ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးချုပ် အဖွဲ့ဝင်
ကျန်းမာရေးဝန်ကြီးဌာန

(ဈ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ည) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ဋ) ညွှန်ကြားရေးမှူးချုပ် အတွင်းရေးမှူး
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

(ဌ) ဒုတိယညွှန်ကြားရေးမှူးချုပ် တွဲဖက်အတွင်းရေးမှူး
သစ်တောဦးစီးဌာန
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

၂။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) နိုင်ငံတစ်ဝန်းဒေသအလိုက်ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ထိုသဘာဝဘေးအန္တရာယ်များကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးဆုံးရှုံးနိုင်မှုအခြေအနေများကို လေ့လာဆန်းစစ်ဖော်ထုတ်ထားရန်၊

(ခ) ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်ပေါ်နိုင်သည့် သဘာဝပတ်ဝန်းကျင်ပျက်စီးယိုယွင်းနိုင်မှု အခြေအနေများကို လေ့လာဆန်းစစ်ဖော်ထုတ်ပြီး ကြိုတင်ကာကွယ်မှုအစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ဂ) ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေစွာနေထိုင်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးမှုအစီအစဉ်များ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန်၊

(ဃ) သဘာဝဘေးအန္တရာယ်မကျရောက်မီ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များအလိုက် ကြိုတင်ကာကွယ် ဆောင်ရွက်မှုလုပ်ငန်းများအဖြစ် သဘာဝသစ်တောများ၊ ဒီရေတောများ ပြုစုထိန်းသိမ်းခြင်း၊ အကြောင်းအမျိုးမျိုးဖြင့် ပျက်စီးနေသော သဘာဝတောများ၊ ဒီရေတောများ ပြန်လည် ပြုစုစိုက်ပျိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်၊

(င) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တောကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တောများ၊ စိုက်ခင်းများ၊ ပျိုးဥယျာဉ်များ ပျက်စီးဆုံးရှုံးမှုစာရင်းပြုစု၍ ပြန်လည်ထိန်းသိမ်းပြုစုနိုင်ရေး၊ တည်ထောင်နိုင်ရေး စီမံချက်ရေးဆွဲဆောင်ရွက်ရန်၊

(စ) နေ့စဉ် ထင်း၊ မီးသွေး သုံးစွဲမှုများကို လျှော့ချနိုင်ရေးအတွက် နည်းလမ်းရှာဖွေပြီး သစ်တောပြုန်းတီးမှု ထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ရန်၊

(ဆ) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တော၊ သစ်ပင်များ လဲပြိုပျက်စီးခြင်းရှိပါက အမြန်ဆုံးထုတ်လုပ်ရေး အတွက် ဆောင်ရွက်ရန်၊

(ဇ) သဘာဝဘေးအန္တရာယ်ကြောင့် သစ်တောသယံဇာတဆုံးရှုံးမှုများကို ဒေသခံသစ်တောဝန်ထမ်းများ၊ သုတေသနအဖွဲ့၊ ကျွမ်းကျင်ပညာရှင်များပါဝင်သည့်အဖွဲ့ဖြင့် ဖွဲ့စည်း၍ ကွင်းဆင်းစစ်ဆေးစာရင်းပြုစုပြီး တွေ့ရှိချက်များကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်၊

(ဈ) ကော်မတီ၏လုပ်ငန်းစီမံချက်ကို ခေတ်ကာလနှင့်လျော်ညီမှုရှိစေရေး အခါအားလျော်စွာ သုံးသပ်ပြင်ဆင် ဆောင်ရွက်ရန်၊

(ည) ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို မှတ်တမ်းပြုစုထားရှိရန်နှင့် (၃) လတစ်ကြိမ် အစီရင်ခံစာကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြသွားရန်၊

(ဋ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှ အခါအားလျော်စွာ ပေးအပ်သည့် တာဝန်များကို ဆောင်ရွက်သွားရန်။

၃။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ၂၀၂၁ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၇/၂၀၂၁ ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်)

## သဘာဝဘေးအရေးပေါ်တုံ့ပြန်မှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းခြင်း

၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် **သဘာဝဘေးအရေးပေါ်တုံ့ပြန်မှု အတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) ဒုတိယညွှန်ကြားရေးမှူးချုပ် အဖွဲ့ခေါင်းဆောင်
ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

(ခ) တပ်မတော်မှ တာဝန်ပေးအပ်သည့် အရာရှိကြီး (၁) ဦး ပူးတွဲအဖွဲ့ခေါင်းဆောင်

(ဂ) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ အဖွဲ့ဝင်
လုပ်ငန်းကော်မတီ (၁၂) ခုမှ သက်ဆိုင်ရာဥက္ကဋ္ဌက
တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးအဆင့်ရှိ ကိုယ်စားလှယ် (၁) ဦးစီ

(ဃ) တပ်မတော်မှ တာဝန်ပေးအပ်ထားသော အရာရှိကြီးများ အဖွဲ့ဝင်
(ရေကြောင်းဆိုင်ရာ၊ လေကြောင်းဆိုင်ရာ၊ ကျန်းမာရေးဆိုင်ရာ၊
အင်ဂျင်နီယာဆိုင်ရာ၊ ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ၊ ဆက်သွယ်မှုဆိုင်ရာ စသည်)

(င) အဆင့်မြင့်အရာရှိ (၁) ဦး အဖွဲ့ဝင်
ဝန်ကြီးရုံး၊ ကာကွယ်ရေးဝန်ကြီးဌာန

(စ) ညွှန်ကြားရေးမှူးအဆင့် ကိုယ်စားလှယ် (၁) ဦး အဖွဲ့ဝင်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန

(ဆ) ညွှန်ကြားရေးမှူးအဆင့် ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
လမ်းဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဇ) ညွှန်ကြားရေးမှူးအဆင့် ကိုယ်စားလှယ် (၁) ဦး — အဖွဲ့ဝင်
တံတားဦးစီးဌာန
ဆောက်လုပ်ရေးဝန်ကြီးဌာန

(ဈ) အဆင့်မြင့်အရာရှိ (၁) ဦး — အဖွဲ့ဝင်
မြန်မာနိုင်ငံကြက်ခြေနီအသင်း

(ည) အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် ညွှန်ကြားရေးမှူးအဆင့် ကိုယ်စားလှယ် (၁) ဦး — အတွင်းရေးမှူး

(ဋ) တပ်မတော်မှ တာဝန်ပေးအပ်သည့် အရာရှိကြီး (၁) ဦး — တွဲဖက်အတွင်းရေးမှူး

၂။ သဘာဝဘေးအရေးပေါ်တုံ့ပြန်မှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ပုံမှန်ဖြစ်စေ၊ သဘာဝဘေးကျရောက်လေ့ရှိသော အချိန်မတိုင်မီဖြစ်စေ၊ ကြီးမားသောသဘာဝဘေးများဖြစ်ပေါ်ပြီးချိန်တွင်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုများ အခါအားလျော်စွာ ဆောင်ရွက်ရန်၊

(ခ) သဘာဝဘေးတုံ့ပြန်နိုင်ရေးအတွက် ကဏ္ဍအလိုက်လိုအပ်သော သတင်းအချက်အလက်များ ဖလှယ်ခြင်းနှင့် ဦးစားပေးပေါင်းစပ်ညှိနှိုင်းရမည့်ကဏ္ဍများ ဆွေးနွေးဖော်ထုတ်ရန်၊

(ဂ) သဘာဝဘေးစီမံခန့်ခွဲမှုအတွက် နိုင်ငံတော်အဆင့်မှသည် တိုင်းဒေသကြီး/ပြည်နယ်အဆင့်အထိ တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်မှုများအား ကူညီပံ့ပိုးပေးရန်၊

(ဃ) ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ နိုင်ငံတကာအတွေ့အကြုံများရရှိစေရန် အခွင့်အလမ်းများ၊ လိုအပ်သည့်သင်တန်း၊ အလုပ်ရုံဆွေးနွေးပွဲအကြောင်းအရာများစသည့် စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးဆိုင်ရာများ ဆွေးနွေးဖော်ထုတ်ရန်နှင့် ပူးပေါင်းဆောင်ရွက်ရန်၊

(င) ဒေသအလိုက်ဖြစ်စေ၊ ဌာနဆိုင်ရာအလိုက်ဖြစ်စေ ရေးဆွဲထားသည့် လုပ်ငန်းလမ်းညွှန်များ၊ စီမံချက်များတွင် တပ်မတော်အနေဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့်နည်းလမ်းများ ဆွေးနွေးဖော်ထုတ်ရန်၊

(စ) သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်နိုင်ရေးညှိနှိုင်းရန်နှင့် ဆက်လက်တင်ပြရန်၊

(ဆ) အခါအားလျော်စွာ ဆောင်ရွက်သည့်သဘာဝဘေးစီမံခန့်ခွဲမှုအတွက် တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးအကြံပြုချက်များအား အကောင်အထည်ဖော်နိုင်ရေးပေါင်းစပ်ညှိနှိုင်းရန်၊

(ဇ) လိုအပ်ပါက ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်မှုကြမ်း (SOP) ပြုစုရန်၊

(ဈ) သဘာဝဘေးအရေးပေါ်တုံ့ပြန်မှုအတွက် ဌာန/အဖွဲ့အစည်းအလိုက် ရရှိနိုင်သည့်အရင်းအမြစ်များ (Resource List) ပြုစုရန်နှင့် မျှဝေညှိနှိုင်းရန်၊

(ည) သဘာဝဘေးအရေးပေါ်အခြေအနေတွင် လူထုဝန်ဆောင်မှုလုပ်ငန်းများ (ကျန်းမာရေး၊ ဆက်သွယ် ညှိနှိုင်းမှု၊ လမ်းခရီး၊ လျှပ်စစ်စသည်) အမြန်ပြန်လည်ရရှိစေရေး လျင်မြန်စွာ ပူးပေါင်းဆောင်ရွက် နိုင်မည့်နည်းလမ်းများ ဆွေးနွေးဖော်ထုတ်ရန်၊

(ဋ) တပ်မတော်နှင့် ဝန်ကြီးဌာနများအကြား ကဏ္ဍနယ်ပယ်အလိုက် ရေးဆွဲထားသောစီမံချက်များ လိုက်လျောညီထွေဖြစ်စေရေးအတွက် လိုအပ်သည့်သတင်းအချက်အလက်ဖလှယ်ရန်နှင့် ပူးပေါင်း ဆောင်ရွက်ရန်၊

(ဌ) အဖွဲ့၏ပုံမှန်အစည်းအဝေးများကို (၄) လ သို့မဟုတ် (၆) လ (၁) ကြိမ် ပုံမှန်ပြုလုပ်ရန်၊

(ဍ) အဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို အခါအားလျော်စွာ အမျိုးသားသဘာဝဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ တင်ပြရန်။

ဥက္ကဋ္ဌ (ကိုယ်စား)
အောင်ထွန်းခိုင်၊ အတွင်းရေးမှူး
အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာ (၁၈၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

ကရင်ပြည်နယ်၊ ကော့ကရိတ်ခရိုင်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကြာအင်းရွှေဒိုးကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၄၆၈ᵇ/ ဆိပ်ကြီးတောင်ကွင်း)၊ ဦးပိုင်အမှတ် (၁၀/၅) ရှိ **မြေဧရိယာ ၀.၁၆ ဧက** အား **မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် (၂) ခန်းတွဲဝန်ထမ်းအိမ်ရာ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့် အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **နယ်စပ်ရေးရာဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **နယ်စပ်ရေးရာဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

### အမိန့်ကြော်ငြာစာ (၂၂၈/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်
(၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်)

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ငဖဲမြို့နယ်၊ ပဒါန်းကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့် အမည်-၁၀၉၈-ခ/ပဒါန်းအရှေ့ကွင်း၊ မြေကွက်အမှတ်-၄၁၅ ရှိ **မြေဧရိယာ ၀.၈၀ ဧက** အား မီးသတ်ဦးစီးဌာန၊ **ပဒါန်းနယ်မြေမီးသတ်စခန်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **ပြည်ထဲရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **ပြည်ထဲရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၃၃/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ကွာလာလမ်ပူမြို့၊ မြန်မာသံရုံးမှ သံအမတ် ဦးမြင့်ထွန်း အား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၄၄/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်)

နိုင်ငံခြားရေးဝန်ကြီးဌာန၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ ဌာနစုမှူး-၂ ဦးမိုးဇော်သူ အား မြန်မာသံရုံး၊ ဆိုးလ်မြို့သို့ တတိယအတွင်းဝန်အဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၄၅/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်)

ဘရာဇီးဖက်ဒရယ်သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးတင့် အား ၂၀၂၂ ခုနှစ်၊ ဧပြီလ ၅ ရက်နေ့၊ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် ဒုတိယအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် (၁၄၉/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၉ ရက်)

တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်ဆွေ အား ၂၀၂၂ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့၊ နံနက်ပိုင်းမှအစပြု၍ ထိုရာထူးနေရာတွင်ပင် ပထမအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

ဝဏ္ဏမောင်လွင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နယ်စပ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

### အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၊ တိုင်းရင်းသားရေးရာဌာနမှ

တွဲဖက်ပါမောက္ခ ဦးမြသိန်း အား တိုင်းရင်းသားရေးရာဌာန၊ ပါမောက္ခ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နယ်စပ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

### ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board-PLB) အမည်ဖြင့် ဒုတိယဈေးကွက် (Second Board) တည်ထောင်ခွင့်ပြုခြင်း

ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၇၁၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့တွင်ကျင်းပသော စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၁-၂၀၂၂) ၏ သဘောတူညီချက်ဖြင့် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board-PLB) အမည်ဖြင့် ဒုတိယဈေးကွက် (Second Board) ကို တည်ထောင်ခွင့်ပြုလိုက်သည်။

၂။ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်အကြိုဈေးကွက် (Pre Listing Board-PLB) အမည်ဖြင့် ဒုတိယဈေးကွက် (Second Board) ကို တည်ထောင်ခွင့်ပြုခြင်း၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီများ တိုးတက်လာစေရေးအတွက် အထောက်အကူ ပြုနိုင်စေရန်နှင့် စတော့ရှယ်ယာဈေးကွက်ဖွံ့ဖြိုးတိုးတက်လာစေရန်၊

( ခ ) ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ရောက်လိုသော်လည်း စာရင်းဝင်ဆိုင်ရာစံသတ်မှတ်ချက်များ ပြည့်မီရန်လိုအပ်ချက်များရှိနေသော အများပိုင်ကုမ္ပဏီများအတွက် ကြားခံပြင်ဆင်ဆောင်ရွက်သည့် ဈေးကွက်တစ်ခုဖန်တီးပေးရန်၊

( ဂ ) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (၂၀၁၈-၂၀၃၀) ၏ ပန်းတိုင် (၂)၊ မဟာဗျူဟာ ၂.၅.၃ ပါ အခြေခံလုပ်ငန်းစဉ်နှင့်အညီ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အပြည့်အဝဖြစ်စေ ရှယ်ယာခေါ်ယူဆောင်ရွက်သင့်သည့် နိုင်ငံပိုင်လုပ်ငန်းများကို ဖော်ထုတ်သတ်မှတ်ပြီး စာရင်းဝင်အကြိုဈေးကွက်မှတစ်ဆင့် စာရင်းဝင်ကုမ္ပဏီများ ဖြစ်လာစေရေးဆောင်ရွက်ရန်၊

(ဃ) မြန်မာနိုင်ငံ၏ အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာရင်းဝင် အကြိုဈေးကွက်မှတစ်ဆင့် အရင်းအနှီးများ ရှာဖွေစုဆောင်းနိုင်စေရန်။

၃။ ရန်ကုန်စတော့အိတ်ချိန်းသည် စာရင်းဝင်အကြိုဈေးကွက်တည်ထောင်ခြင်းနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) စာရင်းဝင်အကြိုဈေးကွက် တည်ထောင်ရန်လိုအပ်သည့် မှတ်ပုံတင်ခြင်းဆိုင်ရာလုပ်ငန်းစည်းမျဉ်းများ (Securities Registration Business Regulation)၊ စာရင်းဝင်အကြိုဈေးကွက်၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာလုပ်ငန်း လမ်းညွှန်စာအုပ် (Business Operation Manual of Pre Listing Board)၊ မှတ်ပုံတင်ခြင်းဆိုင်ရာစံသတ်မှတ်ချက်နှင့် မှတ်ပုံတင်အကြံပေးခန့်အပ်ခြင်းဆိုင်ရာ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် အခြားသက်ဆိုင်ရာစည်းမျဉ်းစည်းကမ်း၊ လမ်းညွှန်ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ကော်မရှင်က ထုတ်ပြန်နိုင်ရန် တင်ပြရမည်။

( ခ ) စာရင်းဝင်အကြိုဈေးကွက်တွင်မှတ်ပုံတင်မည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီများနှင့်စပ်လျဉ်း၍ အောက်ပါတို့ကို သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ဆောင်ရွက်၍ ကော်မရှင်သို့ တင်ပြရမည်-

(၁) မှတ်ပုံတင်အကြံပေးခန့်အပ်ခြင်း၊

(၂) ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများအား လိုက်နာမှုအခြေအနေများ၊

(၃) မှတ်ပုံတင်မည့်ကုမ္ပဏီများ၏ အစုရှယ်ယာများကို အများပြည်သူသို့ ကမ်းလှမ်းရောင်းချခြင်း၊

(၄) မှတ်ပုံတင်မည့် ကုမ္ပဏီများ၏အစုရှယ်ယာများအား နိုင်ငံခြားသားများ ပါဝင်ရောင်းဝယ်ခွင့်ပြုခြင်း။

( ဂ ) စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားလာသည့်ကုမ္ပဏီကို သတ်မှတ်ထားသည့် အရည်အသွေးစံသတ်မှတ်ချက်နှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကုမ္ပဏီကို ကော်မရှင်၏ အတည်ပြုချက်ဖြင့် မှတ်ပုံတင်ခွင့်ပြုရမည်။

(ဃ) မှတ်ပုံတင်အကြံပေးအဖြစ် လျှောက်ထားသည့်ကုမ္ပဏီကို ငွေချေးသက်သေခံလက်မှတ်များ မှတ်ပုံတင်ခြင်းဆိုင်ရာ လုပ်ငန်းစည်းမျဉ်းများပါ အရည်အချင်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ပြီး ကော်မရှင်၏အတည်ပြုချက်ရယူ၍ ခွင့်ပြုရမည်။

( င ) စာရင်းဝင်ကုမ္ပဏီဖြစ်လာစေရေးအတွက် စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ၏ တိုးတက်မှုအခြေအနေများကို ကော်မရှင်သို့ တင်ပြရမည်။

( စ ) ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ထားသည့် ကုမ္ပဏီများ၏ တည်ဆဲဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်မှုအခြေအနေများကို သက်ဆိုင်ရာအဖွဲ့အစည်းသို့ စိစစ်တင်ပြရမည်။

(ဆ) အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (Myanmar SME Development Agency) က အသိအမှတ်ပြုထားသော အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် စာရင်းဝင်အကြိုဈေးကွက်အတွက် ထုတ်ပြန်ထားသည့် အရည်အချင်းသတ်မှတ်ချက်များနှင့် ပြည့်စုံပါက ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်နိုင်သည်။ ရန်ကုန်စတော့အိတ်ချိန်းသည် သက်သာသောအခကြေးငွေဖြင့် မှတ်ပုံတင်ပေးရမည်။

၄။ အောက်ပါကုမ္ပဏီများသည် စာရင်းဝင်အကြိုဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် မှတ်ပုံတင်ပြီး အစုရှယ်ယာများ ရောင်းဝယ်ခွင့်ရှိသည်-

(က) ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသည့်ကုမ္ပဏီများမှတစ်ပါး ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (က) အရ ကော်မရှင်၏ အတည်ပြုချက်ဖြင့် အများပြည်သူသို့ အစုရှယ်ယာဖိတ်ခေါ်ထားသည့်ကုမ္ပဏီ၊

(ခ) အစုရှယ်ယာရှင် ၁၀၀ ဦးနှင့် အထက်ရှိသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ၊

(ဂ) ရန်ကုန်စတော့အိတ်ချိန်းမှထုတ်ပြန်သည့် စာရင်းဝင်အကြိုဈေးကွက် စံသတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကုမ္ပဏီ။

၅။ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်မည့်ကုမ္ပဏီသည် အောက်ပါအတိုင်းဆောင်ရွက်ရမည်-

(က) စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ရန် မှတ်ပုံတင်အကြံပေး ခန့်ထားရာတွင် မှတ်ပုံတင်အကြံပေးသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီတစ်ခုခု သို့မဟုတ် ရန်ကုန်စတော့အိတ်ချိန်းမှ ခန့်အပ်ထားသည့် ကုမ္ပဏီဖြစ်ရမည်။

(ခ) စာရင်းဝင်အကြိုဈေးကွက်တွင် စတင်ဝင်ရောက်သည့်ရက်မှစ၍ ငါးနှစ်အတွင်း ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ကုမ္ပဏီဖြစ်လာစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။

(ဂ) စာရင်းဝင်အကြိုဈေးကွက်၌ မှတ်ပုံတင်ရာတွင်-

(၁) လက်ရှိအစုရှယ်ယာများ ကမ်းလှမ်းရောင်းချရန်ဖြစ်ပါက မှတ်ပုံတင်အကြံပေး၏ ထောက်ခံချက်ရယူရမည်။

(၂) အစုရှယ်ယာသစ်များ ကမ်းလှမ်းရောင်းချရန်ဖြစ်ပါက ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာသည့် အလားအလာညွှန်းတမ်းကို ကော်မရှင်၏ အတည်ပြုချက်ရယူပြီး ဖြစ်ရမည်။

(ဃ) စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်ပြီးအစုရှယ်ယာသစ်များ ထပ်မံကမ်းလှမ်းရောင်းချရန်ဖြစ်ပါက ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေပုဒ်မ ၃၅၊ ပုဒ်မခွဲ (ခ) နှင့်အညီ ထုတ်ပြန်ကြေညာသည့် အလားအလာညွှန်းတမ်းကို ကော်မရှင်၏ အတည်ပြုချက်ရယူရမည်။

(င) ရန်ကုန်စတော့အိတ်ချိန်း၏ စည်းမျဉ်းစည်းကမ်း၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၆။ မှတ်ပုံတင်အကြံပေးသည်-

(က) ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ခ) ပါ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းများမှအပ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်အကြံပေးလုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ရန်ကုန်စတော့အိတ်ချိန်း၏စည်းမျဉ်းစည်းကမ်း၊ညွှန်ကြားချက်၊လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ဂ) မှတ်ပုံတင်အကြံပေးလုပ်ငန်းဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရမည်။

၇။ မှတ်ပုံတင်အကြံပေးသည် ရန်ကုန်စတော့အိတ်ချိန်း၏ စာရင်းဝင်အကြိုဈေးကွက်တွင် မှတ်ပုံတင်အကြံပေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်ရမည်-

(က) မှတ်ပုံတင်လျှောက်ထားခြင်းနှင့် သက်ဆိုင်သည့် အကြံပေးခြင်း၊

(ခ) မှတ်ပုံတင်လျှောက်ထားရာတွင် ရန်ကုန်စတော့အိတ်ချိန်းမှ သတ်မှတ်ထားသော ထောက်ခံချက်နှင့် ဈေးကွက်တန်ဖိုးအကဲဖြတ်မှုများကို ပြင်ဆင်ပေးခြင်းနှင့် လိုအပ်ချက်များကို အတည်ပြုပေးခြင်း၊

(ဂ) မှတ်ပုံတင်ပြီးနောက် ကော်ပိုရိတ်သတင်းအချက်အလက်များ ဖွင့်ဟကြေညာရာတွင် အကြံပေးခြင်း။

၈။ ဤအမိန့်ကြော်ငြာစာပါ ပြဋ္ဌာန်းချက်များနှင့်အညီ စာရင်းဝင်အကြိုဈေးကွက် တည်ထောင်ဆောင်ရွက်ရာတွင် ငွေချေးသက်သေခံလက်မှတ်လွှဲပြောင်းမှုများကို အီလက်ထရောနစ်နည်းဖြင့်

မှတ်တမ်းတင်နိုင်ရန် ရန်ကုန်စတော့အိတ်ချိန်း၊ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများနှင့် မှတ်ပုံတင် အကြံပေးကုမ္ပဏီတို့သည် ကော်မရှင်မှထုတ်ပြန်ထားသည့် အမိန့်ကြော်ငြာစာ ၁/၂၀၁၅ ကို လိုက်နာရမည်။

၉။ စာရင်းဝင်အကြိုဈေးကွက်တွင် နိုင်ငံခြားသားများကို ကော်မရှင်မှထုတ်ပြန်သည့် အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များနှင့်အညီ ပါဝင်ရောင်းဝယ်ခွင့်ပြုသည်။

မောင်မောင်ဝင်း
ဥက္ကဋ္ဌ
ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြန်ကြားရေးဝန်ကြီးဌာန

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၈ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

အမှတ် ၂၉။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ စာပေဗိမာန်က စာပေဖွံ့ဖြိုးရေးနှင့် စာကောင်းပေမွန်တို့အတွက် နှစ်စဉ်ချီးမြှင့်လျက်ရှိသော အမျိုးသားစာပေဆုများ စိစစ်ရွေးချယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် **၂၀၂၁ ခုနှစ်အတွက် အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေး ကော်မတီ** ကို ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၄/၂၀၂၂) မှ သဘောတူညီချက်အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းလိုက်ပါသည်–

| | | |
|---|---|---|
| (၁) | ဦးမောင်မောင်လတ် (နှောင်)<br>ကဗျာဆရာ (အမျိုးသားစာပေဆုရ)<br>အမျိုးသားစာပေတစ်သက်တာဆုရ | ဥက္ကဋ္ဌ |
| (၂) | ဦးစိန်လှိုင် (သူရဇော်)<br>စာရေးဆရာ (အမျိုးသားစာပေဆုရ)<br>အမျိုးသားစာပေတစ်သက်တာဆုရ | ဒုတိယဥက္ကဋ္ဌ (၁) |
| (၃) | ဒေါက်တာ သန်းထွဋ် (လင်း၊ ဆေး–၁)<br>ဆရာဝန်စာရေးဆရာ | ဒုတိယဥက္ကဋ္ဌ (၂) |
| (၄) | ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)<br>ကဗျာဆရာ (အမျိုးသားစာပေဆုရ)<br>ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ | အဖွဲ့ဝင် |
| (၅) | ဦးကြည်စိုးထွန်း (ကြည်စိုးထွန်း)<br>စာရေးဆရာ<br>ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး | အဖွဲ့ဝင် |
| (၆) | ဦးမောင်လှိုင် (မောင်ဆွေငယ်)<br>ဘာသာပြန်စာရေးဆရာ<br>စာတည်းမှူးချုပ် (ငြိမ်း)၊ စာပေဗိမာန် | အဖွဲ့ဝင် |
| (၇) | ဦးကျော်ဦး (ကျော်ဦး)<br>စာရေးဆရာ<br>ထုတ်ဝေသူ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (၈) | ဦးဇော်မင်းဦး (ဇော်မင်းမင်းဦး)<br>ကဗျာဆရာ (အမျိုးသားစာပေဆုရ)<br>ညွှန်ကြားရေးမှူးချုပ်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၉) | ဒေါ်ခင်လေးညို (မြနှောင်းညို)<br>ဆရာဝန်စာရေးဆရာ | အဖွဲ့ဝင် |
| (၁၀) | ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)<br>ကဗျာဆရာ (အမျိုးသားစာပေဆုရ)<br>တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း<br>အဖွဲ့ဝင်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ | အဖွဲ့ဝင် |
| (၁၁) | ဒေါက်တာ တင်မောင်ထွေး (ဒေါက်ထွေး-ဆေး/မန်း)<br>ဆရာဝန် စာရေးဆရာ | အဖွဲ့ဝင် |
| (၁၂) | ဒေါက်တာ မြင့်သန်း (ဒေါက်တာမြင့်သန်း-ညောင်လေးပင်)<br>ဆရာဝန် စာရေးဆရာ | အဖွဲ့ဝင် |
| (၁၃) | ဦးမောင်မောင်ဦး (ဟိန်းလတ်)<br>ဘာသာပြန်စာရေးဆရာ (အမျိုးသားစာပေဆုရ) | အဖွဲ့ဝင် |
| (၁၄) | ဦးခင်မောင်အေး (KMA)<br>ဘာသာပြန်အယ်ဒီတာ | အဖွဲ့ဝင် |
| (၁၅) | ဒေါက်တာ မြင့်သန်း (သန္တေသား)<br>ဆရာဝန်စာရေးဆရာ (အမျိုးသားစာပေဆုရ) | အဖွဲ့ဝင် |
| (၁၆) | ဦးညွန့်တင် (မောင်ငြိမ်းသူ-ကြို့ပင်ကောက်)<br>စာရေးဆရာ (အမျိုးသားစာပေဆုရ)<br>အတွင်းရေးမှူး၊ မြန်မာနိုင်ငံစာရေးဆရာအသင်း | အဖွဲ့ဝင် |
| (၁၇) | ဦးမောင်မောင်ကြည် (ရေနံမြေမောင်မောင်ကြည်)<br>စာရေးဆရာ (အမျိုးသားစာပေဆုရ) | အဖွဲ့ဝင် |
| (၁၈) | ဒေါက်တာ မျိုးသန့်တင်<br>စာရေးဆရာ (အမျိုးသားစာပေဆုရ)<br>နာယက၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ | အဖွဲ့ဝင် |
| (၁၉) | ပါမောက္ခ ကိုကိုအောင် (သိပ္ပံစာရေးဆရာကိုကိုအောင်)<br>သိပ္ပံစာရေးဆရာ | အဖွဲ့ဝင် |
| (၂၀) | ဦးနေမျိုးနိုင် (နေမျိုးနိုင်)<br>စာရေးဆရာ (အမျိုးသားစာပေဆုရ) | အဖွဲ့ဝင် |
| (၂၁) | ဒေါက်တာ ခင်ဆွေမြင့် (ဆွေယင်းမာ)<br>ပါမောက္ခ (ငြိမ်း)<br>မြန်မာစာဌာန၊ ရန်ကုန်တက္ကသိုလ် | အဖွဲ့ဝင် |

(၂၂) ဦးညွန့်ဆွေ (မောင်ဆွေသက်) အဖွဲ့ဝင်
ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း

(၂၃) ဦးသန်းညွန့် (ဇင်မင်း– သမိန်ထော) အဖွဲ့ဝင်
စာရေးဆရာ (အမျိုးသားစာပေဆုရ)

(၂၄) ဦးကြည်ဝင်း (လောကအမွန်) အဖွဲ့ဝင်

(၂၅) ပါမောက္ခ ဦးသိန်းလှိုင် အဖွဲ့ဝင်
ပါမောက္ခ (ငြိမ်း)
မြန်မာစာအဖွဲ့ဝင်

(၂၆) ဒေါက်တာ တင်အောင်ရွှေ အဖွဲ့ဝင်
အဖွဲ့ဝင်၊ မြန်မာနိုင်ငံစာရေးဆရာအသင်း
အဖွဲ့ဝင်၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

(၂၇) ဦးရွှေသိဏ်း (မောင်ခြိမ့်) အဖွဲ့ဝင်
အမျိုးသားစာပေဆုရ

(၂၈) ဦးတိုးကျော် အတွင်းရေးမှူး
စာတည်းမှူးချုပ်၊ စာပေဗိမာန်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၈ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၉ ရက်)

**ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ထိန်းသိမ်းစီမံခန့်ခွဲရေးအဖွဲ့တွင်**
**အဖွဲ့ဝင် (၁) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၆/၂၀၂၂ဖြင့် ဖွဲ့စည်းခဲ့သည့် **ပုဂံကမ္ဘာ့အမွေအနှစ်ဒေသ ထိန်းသိမ်းစီမံခန့်ခွဲရေးအဖွဲ့ (Conservation and Management Team for Bagan World Heritage Site–CMTB)** တွင် အဖွဲ့ဝင်အဖြစ်ပါဝင်သော သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ပါမောက္ခ (ဗိသုကာဌာန)၊ မန္တလေး နည်းပညာတက္ကသိုလ် **အစား** ပါမောက္ခ (ဗိသုကာဌာန)၊ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်ကို အစားထိုးပြင်ဆင် ဖွဲ့စည်းလိုက်သည်။

ကိုကို
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉၈/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၄ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ကယားပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်စွဲပါ စာအမှတ်၊ ၄/၉-၂၀၅/ ဦး ၅ (၀၂၆) ပါ ညှိနှိုင်းချက်နှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ်၊ **နယ်နိမိတ်တိုင်းတာပိုင်းခြားသတ်မှတ်ရေးဥပဒေအခန်း (၄)၊ ပုဒ်မ (၇)၊ ပုဒ်မခွဲ (ဂ) နှင့် (ဃ) ပါ ပြဋ္ဌာန်းချက်အရ** ကယားပြည်နယ်၊ ဘောလခဲခရိုင်၊ ဘောလခဲမြို့၊ ပွန်းချောင်းအရှေ့ဘက် ကမ်းမြေနေရာ (၁၉.၃၂) ဧကအား ကွက်ကျဲ၊ ကွက်စိပ်တိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်အုပ်ချုပ်ရေးမှူး** အား **နယ်နိမိတ်သတ်မှတ်ရေးအရာရှိ (Boundary Officer)** အဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သက်ဆိုင်ရာ **မြို့နယ်ဦးစီးမှူး** အား **နယ်နိမိတ်ကြပ်မတ်ရေးအရာရှိ (Demarcation Officer)** အဖြစ်လည်းကောင်း သတ်မှတ်တာဝန်ပေးခန့်အပ်လိုက်သည်။

တင်ထွဋ်ဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

### မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်အတွက် အာမခံကြေးများကို ပေးသွင်းစေခြင်း

၁။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၃ တွင် ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက လုပ်ငန်းအမျိုးအစားအလိုက် ပေးသွင်းရမည့် အာမခံကြေး နှုန်းထားကို သတ်မှတ်ရမည် ဟု ပြဋ္ဌာန်းထားရှိပါသည်။

၂။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီသည် **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၂၂၊ နည်းဥပဒေခွဲ (က)** အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ရရှိသူကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ အာမခံကြေးပေးသွင်းစေပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများ မှတ်ပုံတင်စာရင်း (ပုံစံ-၉) တွင် မှတ်တမ်းတင်ပြီးနောက် **နည်းဥပဒေ ၂၄** အရ လုပ်ငန်းအမျိုးအစားအလိုက် သက်ဆိုင်ရာပုံစံဖြင့် ခွင့်ပြုမိန့်ထုတ်ပေးရမည်ဟု ပြဋ္ဌာန်းထားရှိပါသည်။

၃။ **မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ ၄၃ တွင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူသည် ဗဟိုကော်မတီက သတ်မှတ်သည့်အာမခံကြေးကို မြေလွတ်၊ မြေလပ်နှင့်**

**မြေရိုင်းတည်ရှိရာနှင့် အနီးဆုံးမြို့နယ်ရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပေးသွင်းရမည်** ဟု ပြဋ္ဌာန်းထားရှိပါသည်။

၄။ သို့ဖြစ်ပါ၍ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားသူသည် အောက်ပါအတိုင်း အာမခံကြေးကို ပေးသွင်းရမည်-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင်-

(၁) တောင်သူလယ်သမားနှင့် မိသားစုတစ်နိုင်တစ်ပိုင်လုပ်ကိုင်လိုသော ဧက ၅၀ နှင့် အောက် ဖြစ်လျှင် တစ်ဧကလျှင် ကျပ် ၃,၀၀၀ (ကျပ်သုံးထောင်) နှုန်း၊

(၂) စီးပွားဖြစ်လုပ်ကိုင်လိုသောမြေသည် ၅၀ ဧက အထက်ဖြစ်လျှင် တစ်ဧကလျှင် ကျပ် ၁၀,၀၀၀ (ကျပ်တစ်သောင်း) နှုန်း၊

( ခ ) မွေးမြူရေးလုပ်ငန်းတွင် တစ်ဧကလျှင် ကျပ် ၁၀,၀၀၀ (ကျပ်တစ်သောင်း) နှုန်း၊

( ဂ ) ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်းတွင် တစ်ဧကလျှင် ကျပ် ၁၀,၀၀၀ (ကျပ်တစ်သောင်း) နှုန်း၊

(ဃ) အစိုးရကခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများတွင် တစ်ဧကလျှင် ကျပ် ၁၀,၀၀၀ (ကျပ်တစ်သောင်း) နှုန်း၊

၅။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ထုတ်ပြန်ရခြင်းဖြစ်ပါသည်။

တင်ထွဋ်ဦး
ဥက္ကဋ္ဌ
မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ဆုံးဖြတ်ချက်အရ အောက်ဖော်ပြပါ မီးငြိမ်းသတ်ယာဉ် (၄) စီး၊ မီးသတ်ရေသယ်ယာဉ် (၁၀) စီး၊ စုစုပေါင်းယာဉ် (၁၄) စီးကို ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကင်းလွတ်ခွင့်ပြုပါရန် လျှောက်ထားလာခြင်းနှင့်စပ်လျဉ်း၍ အဆိုပါယာဉ်များသည် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဝယ်ယူထားသောယာဉ်များဖြစ်ခြင်း၊ တင်သွင်းယာဉ်များသည် မီးသတ်ယာဉ်များနှင့် မီးသတ်ရေသယ်ယာဉ်များဖြစ်ခြင်း၊ အကောက်ခွန်ဦးစီးဌာနက အကောက်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားခြင်း၊ ဌာနမှ ထုတ်ပြန်ထားသော မော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေ၊ ရုံးအမိန့်၊ ညွှန်ကြားချက်များအရ မီးသတ်ယာဉ်နှင့်စပ်လျဉ်း၍ ပြည်ပတင်သွင်းယာဉ် မှတ်ပုံတင်ခ၊ ကနဦးမှတ်ပုံတင်ခနှင့် ယာဉ်ထုတ်ရက်လွန်ဒဏ်ကြေးတို့ကို ကင်းလွတ်ခွင့်ပြုနိုင်ခြင်းတို့ကြောင့် ၂၀၂၀ ပြည့်နှစ်၊ ယာဉ်အန္တရာယ် ကင်းရှင်းရေးနှင့်

မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၂ အရ ဖောင်းကြွနံပါတ်ပြားခမှအပ ယာဉ်မှတ်ပုံတင်လုပ်ငန်းနှင့် ပတ်သက်သည့် အခငွေများကို ကင်းလွတ်ခွင့်ပြုလိုက်သည်-

(က) ကရင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ကရင်ပြည်နယ်မီးသတ်ဦးစီးမှူးရုံးတွင် အသုံးပြုရန်အတွက် Timeless Myanmar Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် SINO TRUCK HOWO အမျိုးအစား FIRE FIGHTING TRUCK (4x2) L, (Double Cab) 2021 Model 1S–1931, 1S–1934, 1S–1938, 1S–1941 [မီးငြိမ်းသတ်ယာဉ် (၄) စီး]၊

( ခ ) စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးဌာနက ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာရေးနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာနလက်အောက်ရှိ စစ်ကိုင်းတိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ မြို့နယ်မီးသတ်စခန်းများတွင် အသုံးပြုနိုင်ရေးအတွက် Than Htet Aung Co.,Ltd မှ တင်ဒါအောင်မြင်၍ ပြည်ပမှဝယ်ယူတင်သွင်းခဲ့သည့် အမျိုးအမည် SINO TRUCK HOWO အမျိုးအစား FIRE FIGHTING WATER TRUCK (4x2) L, 2021 Model 9R–9405, 9R–9412, 9R–9418, 9R–9420, 9R–9842, 9R–9845, 9R–9846, 9R–9847, 9R–9848, 9R–9858 [မီးသတ်ရေသယ်ယာဉ် (၁၀) စီး]။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၀၇၁/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

၂၀၂၂ခုနှစ်၊ဇန်နဝါရီလ၇ရက်တွင်ကျင်းပပြီးစီးခဲ့သောပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ လေကြောင်းပျံသန်းမှုလမ်းညွှန်ထိန်းသိမ်းရေးဌာနခွဲ၊ လေကြောင်းထိန်းသိမ်းရေး ဌာနစုမှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (လေကြောင်းထိန်း)၊ လစာနှုန်း (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၃၀) ဦး တို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်မန်နေဂျာ (လေကြောင်းထိန်း)၊ လစာနှုန်း (၂၇၅၀၀၀-၄၀၀၀-၂၉၅၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့် ခန့်ထားလိုက်သည်-

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| (က) | ဒေါ်တင်မျိုးဝင်း | ( ဎ ) | ဦးဆိုင်းအောင် |
| ( ခ ) | ဦးဂျေခင်အောင်လှိုင် | (ဏ) | ဦးဇော်မျိုးဟန် |
| ( ဂ ) | ဒေါ်မေဇင်ချစ် | (တ) | ဒေါ်သီရိအောင် |
| (ဃ) | ဒေါ်မိုင်နိုဏ်ငြိမ်း | (ထ) | ဦးအောင်စိုးမိုး |
| ( င ) | ဒေါ်ခင်မြတ်သူ | ( ဒ ) | ဦးမင်းကိုကိုလှိုင် |
| ( စ ) | ဒေါ်ခိုင်ဇင်ယု | ( ဓ ) | ဒေါ်မြသက်မွန်ထွေး |
| (ဆ) | ဒေါ်ဆုမြတ်ခိုင် | ( န ) | ဒေါ်တင်မိုးစန္ဒာထွန်း |
| ( ဇ ) | ဒေါ်ထူးပြည့်ပြည့်ညို | ( ပ ) | ဒေါ်သော်သော်ထက်ကိုကို |
| ( ဈ ) | ဒေါ်အိမ့်မို့မို့မောင် | ( ဖ ) | ဒေါ်တင်နီလာခိုင် |
| (ည) | ဒေါ်နီလာဝင်း | ( ဗ ) | ဒေါ်ဆွေဆွေဦး |
| ( ဋ ) | ဒေါ်စိုးသဥ္ဇာအောင် | (ဘ) | ဒေါ်ခင်ခင်ငွေ |
| ( ဌ ) | ဒေါ်သဇင်ထွေး | ( မ ) | ဒေါ်နွယ်နွယ်ကျော် |
| ( ဍ ) | ဒေါ်အိအိခင် | (ယ) | ဒေါ်အေးမာဝင်း |

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| (ရ) | ဒေါ်ပြည့်သူဇာ | (ဝ) | ဦးရဲနိုင်ဝင်း |
| (လ) | ဦးစည်သူဖြိုး | (သ) | ဦးရဲနိုင်ထွေး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၇၅/၂၀၂၂)

၁။ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းဌာနမှ ရေကြောင်းပြမှူးကြီး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဦးနိုင်တိုး အား ၂၀၂၂ ခုနှစ်၊ ဧပြီလ ၁၁ ရက်မှစ၍ အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပါရန် လျှောက်ထားလာခြင်းကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေ (၈၁) ပါ ပြဋ္ဌာန်းချက်အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ၎င်းအား ငြင်းပယ်ခဲ့သော အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ် ပြည့်သည့် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်မှ စတင်ခံစားခွင့်ပြုပြီး၊ ယင်းခွင့်ရက်များကုန်ဆုံးသည့် နောက်တစ်နေ့ဖြစ်သော ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက် နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစားယူခွင့်ပြုလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များဖြစ်ကြသော ဒေါ်မိုးသီတာဦး နှင့် ဒေါ်ကေသွယ်ခိုင် တို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၄/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စု ရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ စက်မှုကျွမ်းကျင်-၂၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆၀၀၀)၊ ဦးကျော်ဝင်းထွန်း အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်အင်ဂျင်နီယာ (စက်မှု)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၅/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စာရင်းကိုင်-၂၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ဒေါ်မြသီတာ အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ဘဏ္ဍာရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၆/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးဌာန (ပစ္စည်းထိန်းဌာနခွဲ) မှ ပစ္စည်းထိန်း-၁၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ ဒေါ်ဖြူဖြူလွင် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ပစ္စည်းထိန်း)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၇/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ အုပ်ချုပ်ရေးဌာန (ငွေစာရင်းဌာနခွဲ) မှ စာရင်းကိုင်-၁၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) များဖြစ်ကြသော ဒေါ်တင်တင်စိုးနှင့် ဒေါ်ဆွေဆွေဝင်း တို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (ဘဏ္ဍာရေး)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၉၈/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်

မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု)၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) များဖြစ်ကြသော ဦးမျိုးမင်းဝင်း၊ ဦးဇင်ကိုကိုဦးနှင့် ဦးသိန်းဇော်ဦး တို့အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်အင်ဂျင်နီယာ (စက်မှု)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၀၉၉/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၉/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်ရရှိပြီးဖြစ်ပါသဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်းမှ နည်းပြ၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)၊ ဦးသန့်ဇော် အား ယင်းဌာနတွင် လစ်လပ်လျက်ရှိသော လက်ထောက်ကထိက၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက် နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး တင်အောင်စန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၆၁/၂၀၂၁)**

၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက်

(၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်)

**ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃၃,၉၂၀) ဧကရှိသော နယ်မြေကို **မနိုးရုံးကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း 98.95142°E, 11.877648°N မှ အစပြု၍ တနင်္သာရီမြို့နယ်နှင့် ဘုတ်ပြင်း မြို့နယ် မြို့နယ်နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ ၁.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.97088°E, 11.872067°N အထိ၊

အရှေ့ဘက်။ ထိုမှ တနင်္သာရီမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ် မြို့နယ်နယ်နိမိတ်အတိုင်း တောင်ဘက်သို့ ၁ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.97745°E, 11.853567°N အထိ၊ ထိုမှ မြို့နယ်နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.984726°E, 11.848484°N အထိ၊ ထိုမှ မြို့နယ်နယ်နိမိတ်အတိုင်း အရှေ့ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.992808°E, 11.847667°N အထိ၊ ထိုမှ မြို့နယ် နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ ၂ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.021159°E, 11.826115°N အထိ၊ ထိုမှ မြို့နယ်နယ်နိမိတ်အတိုင်း တောင်ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.023746°E, 11.815068°N အထိ၊ ထိုမှ မြို့နယ်နယ်နိမိတ်အတိုင်း အရှေ့တောင်ဘက်သို့ ၆ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.072881°E, 11.74493°N အထိ၊ ထိုမှ မြို့နယ်နယ်နိမိတ်အတိုင်း အရှေ့ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.080883°E, 11.744472°N အထိ၊ ထိုမှ မြို့နယ်နယ်နိမိတ်အတိုင်း တောင်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.088534°E, 11.728073°N အထိ၊ ထိုမှ မြို့နယ်နယ်နိမိတ်အတိုင်း အရှေ့ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.091909°E, 11.727479°N အထိ၊ ထိုမှ မြို့နယ်နယ်နိမိတ်အတိုင်း တောင်ဘက်သို့ ၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.094134°E, 11.723857°N အထိ၊ ထိုမှ အနောက်ဘက်သို့ ၁ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.082793°E, 11.706233°N အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၄ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.016323°E, 11.715566°N အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.016798°E, 11.725865°N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.001496°E, 11.752555°N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.996162°E, 11.752833°N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.991909°E, 11.75803°N အထိ၊ ထိုမှ မြောက်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.992022°E, 11.767624°N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.98735°E, 11.780198°N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၃ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.946058°E, 11.805276°N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၂ မိုင် ၇ ဖာလုံခန့်လာရာ မြို့နယ်နယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း 98.926068°E, 11.838519°N အထိ၊ ထိုမှ မြို့နယ်နယ်နိမိတ်အတိုင်း အရှေ့မြောက်ဘက်သို့ ၃ မိုင် ၁ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 98.95142°E, 11.877648°N အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင် ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်

နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင် ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးလွင်ဌေး<br>ဒေသခံပြည်သူ၊ တောင်ငယ်ကျေးရွာ၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးဝင်းမိုလ်<br>ဒေသခံပြည်သူ၊ တောင်ငယ်ကျေးရွာ၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၆၂/၂၀၂၁)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေ ပုဒ်မ ၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာ အကျယ်အဝန်း (၁၀,၈၈၀) ဧကရှိသော နယ်မြေကို **တောင်ငယ်ဒီရေတောကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

## ၁။ နယ်နိမိတ်အလားအလာဖော်ပြချက်

မြောက်ဘက်။ မနိုးလားချောင်းဖျား၊ ခန့်မှန်းမြေပုံညွှန်း 99.005772˙E, 11.622837˙N မှ အစပြု၍ အရှေ့တောင်ဘက်သို့ ၃ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.04206˙E, 11.598351˙N အထိ၊

အရှေ့ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၂.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.013193˙E, 11.577257˙N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.034662˙E, 11.567441˙N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၁ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.040116˙E, 11.545216˙N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.024326˙E, 11.511933˙N အထိ၊ ထိုမှ အနောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.016808˙E, 11.511581˙N အထိ၊ ထိုမှ တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.017005˙E, 11.504533˙N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.013074˙E, 11.501183˙N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.992695˙E, 11.502141˙N အထိ၊ ထိုမှ တောင်ဘက်သို့ ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.994736˙E, 11.488626˙N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.999209˙E, 11.484817˙N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.990951˙E, 11.475434˙N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.995937˙E, 11.469776˙N အထိ၊

တောင်ဘက်။ ထိုမှ အနောက်ဘက်သို့ ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.987714˙E, 11.469362˙N အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၂ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.986417˙E, 11.503618˙N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၄.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 99.011798˙E, 11.563429˙N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.997214˙E, 11.578296˙N အထိ၊ ထိုမှ မြောက်ဘက်သို့ ၁ မိုင် ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.996589˙E, 11.600727˙N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁ မိုင် ၅ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 99.005772˙E, 11.622837˙N အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင် ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ

ပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးလွင်ဒွေး<br>ဒေသခံပြည်သူ၊ တောင်ငယ်ကျေးရွာ၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးမောင်အို<br>ဒေသခံပြည်သူ၊ တောင်ငယ်ကျေးရွာ၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၆၃/၂၀၂၁)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိအောက်ဖော်ပြပါနယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၈,၉၆၀) ဧကရှိသောနယ်မြေကို **ရွှေဂဲညိုဒီရေတောကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၃ ခုနှစ်၊နတ်တော်လဆန်း ၄ ရက် (၂၀၂၁ ခုနှစ်၊ဒီဇင်ဘာလ ၇ ရက်) မှစ၍ သတ်မှတ်ရန် ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း 98.817337˚E, 11.719923˚N မှအစပြု၍ အရှေ့ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.828124˚E, 11.717947˚N အထိ၊

အရှေ့ဘက်။ ထိုမှ တောင်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.824368˚E, 11.701263˚N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၇ ဖာလုံခန့်လာရာ တောက်တဲ့တောင်ချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း 98.833779˚E, 11.6917˚N အထိ၊ ထိုမှ

အနောက်တောင်ဘက်သို့ တောက်တဲ့တောင်ချောင်းအတိုင်း ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.829937˙E, 11.686646˙N အထိ၊ ထိုမှ တောင်ဘက်သို့ တောက်တဲ့တောင်ချောင်းကိုဖြတ်၍ ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.83178˙E, 11.681992˙N အထိ၊ ထိုမှ အရှေ့ဘက်သို့ တောက်တဲ့တောင်ချောင်းအတိုင်း ၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.839984˙E, 11.68196˙N အထိ၊ ထိုမှ တောင်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.840211˙E, 11.67188˙N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၂.၂၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.833314˙E, 11.639641˙N အထိ၊ ထိုမှ တောင်ဘက်သို့ ၂.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.833167˙E, 11.605314˙N အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၃ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.81656˙E, 11.594223˙N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.810706˙E, 11.597876˙N အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.813117˙E, 11.608547˙N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၂၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.807741˙E, 11.6269˙N အထိ၊ ထိုမှ မြောက်ဘက်သို့ ၁ မိုင် ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.807366˙E, 11.647509˙N အထိ၊ ထိုမှ မြောက်ဘက်သို့ ၁.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.806777˙E, 11.668225˙N အထိ၊ ထိုမှ မြောက်ဘက်သို့ ၁ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.806405˙E, 11.686109˙N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၂၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.795699˙E, 11.697865˙N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၂ မိုင် ၁ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 98.817337˙E, 11.719923˙N အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင် ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါ လုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |

| | | |
|---|---|---|
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးမင်းသူထွန်း<br>ဒေသခံပြည်သူ၊ ရွှေဂုံညိုကျေးရွာ ၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးမြင့်စိန်<br>ဒေသခံပြည်သူ၊ ကမ်းစောက်ကျေးရွာ၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၁၆၄/၂၀၂၂)
## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ မိုးကောင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၃၄,၈၂၂) ဧကရှိသောနယ်မြေကို **နမ္မတီးကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ခန့်မှန်းမြေပုံညွှန်း 97.04647˚E, 25.32635˚N မှ အစပြု၍ အရှေ့ဘက်သို့ ၂ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.08274˚E, 25.32471˚N အထိ၊ ထိုမှ တောင်ဘက်သို့ ၂ မိုင် ၁ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.07642˚E, 25.30706˚N အထိ၊

အရှေ့ဘက်။ ထိုမှ အရှေ့ဘက်သို့ ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.09998˚E, 25.30412˚N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၅ ဖာလုံခန့်လာရာ မိုးကောင်းမြို့နယ်နှင့် မြစ်ကြီးနား မြို့နယ် နယ်နိမိတ်နှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း 97.10807˚E, 25.29653˚N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မိုးကောင်းမြို့နယ်နှင့် မြစ်ကြီးနားမြို့နယ် နယ်နိမိတ်အတိုင်း ၂ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.13025˚E, 25.27847˚N အထိ၊ ထိုမှ တောင်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၁.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.13015˚E, 25.25695˚N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၁ မိုင် ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.14237˚E, 25.25320˚N အထိ၊ ထိုမှ တောင်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.14253˚E, 25.24406˚N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၂ မိုင်

ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.16334˚E, 25.21533˚N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.15447˚E, 25.20396˚N အထိ၊ ထိုမှ အနောက်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၁ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.13974˚E, 25.20264˚N အထိ၊ ထိုမှ တောင်ဘက်သို့ မြို့နယ်ခြားနယ်နိမိတ်အတိုင်း ၂ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.12833˚E, 25.17270˚N အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၁.၅ ဖာလုံခန့်လာရာ နမ့်ဆယ်ကြိုးဝိုင်းနယ်နိမိတ်နှင့်ဆုံသည့် 97.12856˚E, 25.17000˚N အထိ၊ ထိုမှ အနောက်ဘက်သို့ နမ့်ဆယ်ကြိုးဝိုင်းမြောက်ဘက် နယ်နိမိတ်အတိုင်း ၆.၅ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.11788˚E, 25.16723˚N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ နန့်ဆယ်ကြိုးဝိုင်းမြောက်ဘက် နယ်နိမိတ်အတိုင်း ၁.၂၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.10700˚E, 25.17309˚N အထိ၊ ထိုမှ အနောက်ဘက်သို့ နန့်ဆယ်ကြိုးဝိုင်းမြောက်ဘက်နယ်နိမိတ်အတိုင်း ၂ မိုင်ခန့်လာရာ အူယန်ခချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း 97.08190˚E, 25.17544˚N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ နန့်ဆယ်ကြိုးဝိုင်း မြောက်ဘက်နယ်နိမိတ် အူယန်ခချောင်း အတိုင်း ၁ မိုင်ခန့်လာရာ မိုးကောင်းချောင်းနှင့်ဆုံသည့် ခန့်မှန်းမြေပုံညွှန်း 97.07177˚E, 25.17167˚N အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ မိုးကောင်းချောင်းအတိုင်း ၁.၇၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.06072˚E, 25.20027˚N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မိုးကောင်းချောင်းအတိုင်း ၃.၇၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.02012˚E, 25.24731˚N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ မိုးကောင်းချောင်းအတိုင်း ၃ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.05191˚E, 25.28445˚N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ မိုးကောင်းချောင်းအတိုင်း ၁.၇၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 97.04050˚E, 25.30302˚N အထိ၊ ထိုမှ မြောက်ဘက်သို့ ၁.၅ မိုင်ခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 97.04647˚E, 25.32635˚N အထိ။

## ၂။ သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

## ၃။ လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေ

ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါလုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်–

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဥက္ကဋ္ဌ<br>မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မိုးကောင်းမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မိုးကောင်းမြို့နယ် | အဖွဲ့ဝင် |
| ၄ | ဦးလဘောင်ဒေါင်ခေါင်း<br>ဒေသခံပြည်သူ၊ မရမ်းကျေးရွာအုပ်စု၊ မိုးကောင်းမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးလမိုင်လဂျာ<br>ဒေသခံပြည်သူ၊ မရမ်းကျေးရွာအုပ်စု၊ မိုးကောင်းမြို့နယ် | အဖွဲ့ဝင် |
| ၆ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ မိုးကောင်းမြို့နယ် | အတွင်းရေးမှူး |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၆၅/၂၀၂၁)

## ကြိုးပြင်ကာကွယ်တောသတ်မှတ်ရန် ရည်ရွယ်ကြောင်းကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသည့် အခွင့်အာဏာများကိုကျင့်သုံးလျက် တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ဘုတ်ပြင်းမြို့နယ်အတွင်းရှိ အောက်ဖော်ပြပါ နယ်နိမိတ်များအတွင်း ကျရောက်နေသည့် ဧရိယာအကျယ်အဝန်း (၁၄,၀၈၀) ဧကရှိသောနယ်မြေကို **ဟန်ကချင်းဒီရေတောကြိုးပြင်ကာကွယ်တော** အဖြစ် ၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၄ ရက် (၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်) မှစ၍ သတ်မှတ်ရန်ရည်ရွယ်ကြောင်း ကြေညာလိုက်သည်။

၁။ **နယ်နိမိတ်အလားအလာဖော်ပြချက်**

မြောက်ဘက်။ ကျောက်နီကုန်းချောင်းဝအနီး ခန့်မှန်းမြေပုံညွှန်း 98.542143˚E,10.751069˚N မှ အစပြု၍ အရှေ့မြောက်ဘက်သို့ ၄.၂၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.576612˚E, 10.800302˚N အထိ၊ ထိုမှ အရှေ့တောင်ဘက်သို့ ၂ မိုင် ၅.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.599032˚E, 10.768431˚N အထိ၊

အရှေ့ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၂ မိုင် ၅.၂ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.578158˚E, 10.735179˚N အထိ၊ ထိုမှ တောင်ဘက်သို့ ၂ မိုင် ၂.၄ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.58157˚E, 10.701531˚N အထိ၊

တောင်ဘက်။ ထိုမှ အနောက်တောင်ဘက်သို့ ၂ မိုင် ၁.၆ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.553734˚E, 10.686691˚N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁.၅ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.536598˚E, 10.69836˚N အထိ၊

အနောက်ဘက်။ ထိုမှ မြောက်ဘက်သို့ ၂ မိုင်ခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.532019˚E, 10.727802˚N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၁ မိုင် ၈ သံကြိုးခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.525399˚E, 10.741083˚N အထိ၊ ထိုမှ အနောက်မြောက်ဘက်သို့ ၇ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.513408˚E, 10.746989˚N အထိ၊ ထိုမှ အရှေ့မြောက်ဘက်သို့ ၁ မိုင် ၄.၈ ဖာလုံခန့်လာရာ ခန့်မှန်းမြေပုံညွှန်း 98.527752˚E, 10.765074˚N အထိ၊ ထိုမှ အနောက်တောင်ဘက်သို့ ၁ မိုင် ၃.၂ ဖာလုံခန့်လာရာ မူလစတင်သည့် ခန့်မှန်းမြေပုံညွှန်း 98.542143˚E, 10.751069˚N အထိ။

၂။ **သစ်တောကြေးတိုင်အရာရှိ ခန့်အပ်ခြင်း**

ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်အား သစ်တောကြေးတိုင်အရာရှိအဖြစ် ခန့်အပ်လိုက်သည်။

၃။ **လုပ်ငန်းအဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ထို့အပြင် ကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကြေညာချက်တွင်ပါရှိသော တားမြစ်ချက်များအရ ပေါ်ပေါက်လာမည့် အများပြည်သူတို့၏ အခွင့်အရေးထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ စုံစမ်းစစ်ဆေး၍ ဆုံးဖြတ်နိုင်ရန်နှင့် စီမံခန့်ခွဲနိုင်ရန် သစ်တောဥပဒေပုဒ်မ ၆ ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားရေးမှူးချုပ်ဦးဆောင်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များပါဝင်သည့် အောက်ဖော်ပြပါလုပ်ငန်းအဖွဲ့အား တာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး | တာဝန် |
|---|---|---|
| ၁ | ညွှန်ကြားရေးမှူးချုပ်<br>သစ်တောဦးစီးဌာန | ဥက္ကဋ္ဌ |
| ၂ | ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၃ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၄ | မြို့နယ်ဦးစီးဌာနမှူး<br>မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၅ | ဦးစံကြွယ်<br>ဒေသခံပြည်သူ၊ ကမ်းတောကျေးရွာ၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၆ | ဦးဝင်းဇော်<br>ဒေသခံပြည်သူ၊ ဟန်ကချင်းကျေးရွာ၊ ဘုတ်ပြင်းမြို့နယ် | အဖွဲ့ဝင် |
| ၇ | မြို့နယ်ဦးစီးအရာရှိ<br>မြို့နယ်သစ်တောဦးစီးဌာန၊ ဘုတ်ပြင်းမြို့နယ် | အတွင်းရေးမှူး |

ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ ရက်

(၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်)

**ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများ ဖွဲ့စည်းခြင်း**

၁။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသည် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စနစ်တကျ ကြီးကြပ်ဆောင်ရွက်သွားနိုင်ရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ကော်မတီအောက်တွင် ကော်မတီ၏လုပ်ငန်းတာဝန် အပိုဒ် (ဘ) အရပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှုကော်မတီများကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်–

(က) နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး သို့မဟုတ် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့က တာဝန် ပေးအပ်သည့် ကောင်စီဝင်/ ဝန်ကြီး — ဥက္ကဋ္ဌ

(ခ) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ — အဖွဲ့ဝင်

(ဂ) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ — အဖွဲ့ဝင်

(ဃ) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ — အဖွဲ့ဝင်

(င) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ — အဖွဲ့ဝင်

(စ) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ — အဖွဲ့ဝင်

(ဆ) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ် သစ်တောဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ — အဖွဲ့ဝင်

(ဇ) တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ (မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး အတွက်သာ) — အဖွဲ့ဝင်

| | | |
|---|---|---|
| (ဈ) | ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ | အဖွဲ့ဝင် |
| (ည) | ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ပညာရေးမှူးရုံး ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ | အဖွဲ့ဝင် |
| (ဋ) | ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ | အဖွဲ့ဝင် |
| (ဌ) | ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် သတ္တုတွင်းဦးစီးဌာန/ ကျောက်မျက်ဆိုင်ရာ လုပ်ငန်းဌာနများ တာဝန်ခံအရာရှိ | အဖွဲ့ဝင် |
| (ဍ) | ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ | အဖွဲ့ဝင် |
| (ဎ) | ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ | အဖွဲ့ဝင် |
| (ဏ) | ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ | အဖွဲ့ဝင် |
| (တ) | တိုင်းဒေသကြီး/ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့/ နေပြည်တော်/ ရန်ကုန်မြို့တော်/ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဦးစီးမှူး သို့မဟုတ် တာဝန်ခံအရာရှိ | အဖွဲ့ဝင် |
| (ထ) | အခြားသင့်တော်မည့်ဌာန၊ NGOs၊ CSOs နှင့် ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင် |
| (ဒ) | ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး/ တာဝန်ခံအရာရှိ | အတွင်းရေးမှူး |
| (ဓ) | ဥက္ကဋ္ဌက တာဝန်ပေးအပ်သည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ကိုယ်စားလှယ် (၁) ဦး | တွဲဖက်အတွင်းရေးမှူး |

၂။ ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ ပြည်နယ် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကြီးကြပ်မှု ကော်မတီများ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) အမျိုးသားအဆင့် ပတ်ဝန်းကျင်ရေးရာမူဝါဒ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာ၊ နှစ်တို/နှစ်ရှည် လုပ်ငန်းအစီအစဉ်များအား ကဏ္ဍအလိုက် အကောင်အထည်ဖော်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

( ခ ) ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆောင်ရွက်မည့်ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ အကောင် အထည်ဖော်ဆောင်ရွက်ရာတွင် မိမိတို့ဒေသနှင့် သင့်လျော်သည့်နှစ်တို၊ နှစ်ရှည် လုပ်ငန်းစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်နိုင်ရေးအတွက် ကြီးကြပ်ခြင်း၊

( ဂ ) ဖွံ့ဖြိုးမှုစီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရန် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုဆန်းစစ်ခြင်း လုပ်ငန်းများနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှု အစီအမံများ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်ရန်ကြီးကြပ်ခြင်း၊

(ဃ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအမံများအရ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရေးအတွက် သတ်မှတ်ထားသည့် ပတ်ဝန်းကျင် အရည်အသွေးစံချိန်စံညွှန်းများအရ လိုက်နာအကောင် အထည်ဖော်မှုတို့အပေါ် ဘက်စုံစောင့်ကြပ်ကြည့်ရှု စစ်ဆေးကြပ်မတ်ခြင်း၊

( င ) ပတ်ဝန်းကျင်ဆိုင်ရာ အရေးပေါ် အခြေအနေတစ်ရပ် ပေါ်ပေါက်လာပါက အရေးပေါ်တုံ့ပြန်ဆောင်ရွက် နိုင်ရေးအတွက် ချမှတ်ထားသည့် အစီအစဉ်များကို ဆောင်ရွက်နိုင်ရန်ကြီးကြပ်ခြင်း၊

( စ ) စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်များတွင် ပတ်ဝန်းကျင်စီမံခန့်ခွဲရေး၊ ပတ်ဝန်းကျင်အရည်အသွေး ထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရေး ကြီးကြပ်ခြင်း၊

(ဆ) စက်မှု၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်ဆောင်ရွက်ရာတွင် သဘာဝဘေးအန္တရာယ် လျော့ပါးရေးနှင့် ရာသီဥတုပြောင်းလဲမှု လျော့ချရေးနှင့် လိုက်လျောညီထွေရှိစေရေးကို အလေးထားစဉ်းစား ဆောင်ရွက်ရေးနှင့် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိစေမည့် မြို့ပြ လူနေထိုင်မှုစနစ် တည်ထောင်နိုင်ရေး အတွက် ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဇ ) ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေမည့် အစိမ်းရောင်စီးပွားရေးရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် လာစေရေးအတွက် ကြီးကြပ်ခြင်း၊

( ဈ ) သဘာဝသယံဇာတအရင်းအမြစ်များ၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ လျော့နည်း ဆုံးရှုံးမှုကိုတားဆီးရေးနှင့် စဉ်ဆက်မပြတ်အကျိုးရှိစွာ အသုံးပြုနိုင်ရေးအတွက် လမ်းညွှန်ချက်များနှင့် အညီ ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ည) စွမ်းအင်ချွေတာရေးနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ ရေရှည်စဉ်ဆက်မပြတ် အသုံးချနိုင်ရေးအတွက် အစီအမံများကို အကောင်အထည်ဖော်ဆောင်နိုင်ရေး ကြီးကြပ်ခြင်း၊

( ဋ ) ပတ်ဝန်းကျင်နှင့် ရာသီဥတုဆိုင်ရာ သတင်းအချက်အလက်များနှင့် စာရင်းဇယားများ ကောက်ယူစုစည်း ခြင်းဆိုင်ရာ ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဌ ) မြို့ပြဒေသနှင့် ကျေးလက်ပတ်ဝန်းကျင် စီမံခန့်ခွဲမှုဆိုင်ရာများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဍ ) ပလတ်စတစ်စွန့်ပစ်ပစ္စည်းအပါအဝင် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်မထိခိုက်စေရန် စနစ်တကျ ထိန်းချုပ်ရေးနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုများ မရှိစေရန် ထိန်းသိမ်းကာကွယ်ရေး လုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဎ ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဖြေရှင်းဆောင်ရွက်ရမည့် ကိစ္စရပ်များ ပေါ်ပေါက်လာပါက သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများအကြား ညှိနှိုင်းဖြေရှင်းခြင်း၊

(ဏ) ပွင့်လင်းရာသီတွင် တောမီးနှင့် အခြားမီးများကြောင့် Fire Hotspot များ ထိန်းချုပ်လျှော့ချရေးနှင့် မီးခိုးမြူ ငွေ့ညစ်ညမ်းမှု ထိန်းချုပ်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း၍ စီမံချက်များ ရေးဆွဲဆောင်ရွက်ခြင်းနှင့် ကြပ်မတ်ဆောင်ရွက်ခြင်း၊

(တ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိအမြင် ပြန့်ပွားရေး၊ ပညာပေးရေး ကိစ္စရပ်များ ဆောင်ရွက်ခြင်း၊

(ထ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီမှ အခါအားလျော်စွာ ပေးအပ်သော ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခြင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသို့ အစီရင်ခံတင်ပြခြင်း၊

( ဒ ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များကိုဆောင်ရွက်ရာတွင် လိုအပ်ပါက လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများနှင့် လိုအပ်သလို ပူးပေါင်း ဆောင်ရွက်ခြင်း၊ လိုအပ်ပါက ကြီးကြပ်မှုကော်မတီတွင် အဖွဲ့ဝင်အဖြစ်ထည့်သွင်းဖွဲ့စည်းနိုင်ရေးကော်မတီသို့ တင်ပြခြင်း၊

( ဓ ) လိုအပ်သည့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လုပ်ငန်းကော်မတီများ၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့် ကြီးကြပ်မှု ကော်မတီများ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

( န ) ပတ်ဝန်းကျင်စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ အမျိုးသားအဆင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီသို့တင်ပြပြီး လုပ်ငန်းကော်မတီများနှင့် ပေါင်းစပ် ညှိနှိုင်း ဆောင်ရွက်ခြင်း၊

( ပ ) ကော်မတီမှ ပေးအပ်သော အခြားလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

ခင်မောင်ရီ
ဥက္ကဋ္ဌ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၁၇/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

**လေယာဉ်ဆီလုပ်ငန်း ပေါင်းစပ်ညှိနှိုင်းရေးကော်မတီအဖွဲ့ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းနှင့် Puma Energy Irrawaddy Aviation Pte.,Ltd တို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် National Energy Puma Aviation Services Co.,Ltd (NEPAS) ဖက်စပ်ကုမ္ပဏီ၏ လေယာဉ်ဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့်အညီ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံစိတ်ချရေး သင့်တင့်သောရောင်းဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် **လေယာဉ်ဆီလုပ်ငန်းပေါင်းစပ်ညှိနှိုင်းရေး ကော်မတီ** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

(က) အမြဲတမ်းအတွင်းဝန်
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန	ဥက္ကဋ္ဌ

( ခ ) ညွှန်ကြားရေးမှူးချုပ်
ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန	အဖွဲ့ဝင်

(ဂ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

(ဃ) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(င) ညွှန်ကြားရေးမှူးချုပ် — အဖွဲ့ဝင်
ပြည်တွင်းအခွန်များဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(စ) စစ်ဦးစီးမှူး (ဒုတိယတန်း) တာဝန်-၂ — အဖွဲ့ဝင်
ကာကွယ်ရေးဦးစီးချုပ်ရုံး (လေ)

(ဆ) လက်ထောက်စစ်ထောက်ချုပ် — အဖွဲ့ဝင်
စစ်ထောက်ချုပ်ရုံး

(ဇ) အင်ဂျင်နီယာမှူးကြီး — အဖွဲ့ဝင်
မြန်မာအမျိုးသားလေကြောင်းလိုင်း

(ဈ) ဒုတိယအထွေထွေမန်နေဂျာ — အဖွဲ့ဝင်
Air Thanlwin

(ည) Assistant Manager (Flight Operations) — အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း

(ဋ) Junior LAE (License Aircraft Engineer) — အဖွဲ့ဝင်
အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း

(ဌ) Mr.Jose Angeja — အဖွဲ့ဝင်
Chief Operating officer
Yangon Aerodrome Co.,Ltd (YACL)

(ဍ) ဦးတိုင်းကျော် — အဖွဲ့ဝင်
Golden Myanmar Aviation Fuel Services
(Consulant)
Golden Myanmar Airline (GMA)

(ဎ) ဦးဆောင်ညွှန်ကြားရေးမှူး — အတွင်းရေးမှူး
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

(ဏ) ညွှန်ကြားရေးမှူး (စီမံ/စီးပွား) — တွဲဖက်အတွင်းရေးမှူး
ရေနံနှင့် သဘာဝဓာတ်ငွေ့စီမံရေးဦးစီးဌာန

၂။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပြည်တွင်းလေယာဉ်ဆီရောင်းဈေးနှုန်း Fair Market Price ဖြစ်စေရေးနှင့်ပတ်သက်၍ ရေတိုရေရှည်အစီအမံများ ချမှတ်ဆောင်ရွက်ရန်၊

(ခ) ပြည်တွင်းလေယာဉ်ဆီရောင်းဈေးနှုန်းအပေါ် အခွန်အခများ အကျိုးသက်ရောက်မှုနှင့်ပတ်သက်၍ လေ့လာသုံးသပ်ရန်နှင့် လေယာဉ်ဆီများအား Fair Market Price ဖြင့် ရောင်းချပေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) လေဆိပ်များရှိ လေယာဉ်ဆီသိုလှောင်ဖြန့်ဖြူးရေးဌာနများနှင့်ပတ်သက်၍ မြေငှားရမ်းခြင်းစာချုပ်များ ချုပ်ဆိုနိုင်ရန်နှင့် လေယာဉ်ဆီလုပ်ငန်းဆိုင်ရာ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးရန်၊

(ဃ) အပြည်ပြည်ဆိုင်ရာလေဆိပ်များတွင် ပြည်တွင်း၊ ပြည်ပ လေကြောင်းလိုင်းများအား နိုင်ငံတကာ လေယာဉ်ဆီ တင်သွင်း၊ သိုလှောင်၊ ဖြန့်ဖြူးရောင်းချခြင်းဆိုင်ရာ စံချိန်စံညွှန်း၊ အရည်အသွေး၊ ဘေးအန္တရာယ်လုံခြုံမှုနှင့် ဝန်ဆောင်မှုများပေးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရန်၊

(င) လေယာဉ်ဆီတင်သွင်းခြင်းကိစ္စရပ်များတွင် အဆင်ပြေချောမွေ့စေရေးနှင့် သီလဝါ/ရန်ကုန်ဆိပ်ကမ်းဧရိယာအတွင်းသို့ ဆီတင်သင်္ဘောကြီးများ အသုံးပြုသယ်ဆောင်နိုင်ရေး ကူညီဆောင်ရွက်ပေးရန်၊

(စ) ပြည်တွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် အခြားလေဆိပ်များတွင် လေယာဉ်ဆီလုပ်ငန်းဆိုင်ရာ လိုက်နာရမည့် အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စံသတ်မှတ်ချက်များအား လိုက်နာဆောင်ရွက်စေရေး ကြီးကြပ်ဆောင်ရွက်ရန်။

၃။ ဤရုံး၏ ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၀၃/၂၀၁၉) ကို ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၁၂၇/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၈ ရက်)

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၂) အရ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းနိုင်ဦး အား ၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်နေ့မှစ၍ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ အမြဲတမ်းအတွင်းဝန်အဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

၂။ အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်းခံရသည့် ဦးသန်းနိုင်ဦး သည် ညွှန်ကြားရေးမှူးချုပ်အဆင့် သို့မဟုတ် ယင်းနှင့်တူညီသောအဆင့်တွင် ထမ်းဆောင်ရသည့်တာဝန်များအပြင် ဆိုင်ရာဦးစီးဌာန၏ တာဝန်များကို ပူးတွဲတာဝန်ခံဆောင်ရွက်ရသည့်အတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၏ နည်းဥပဒေ ၆၀ နှင့်အညီ လစဉ်ငွေ ၂၀၀,၀၀၀/- (ကျပ်နှစ်သိန်းတိတိ) ကို လက်ရှိခံစားလျက်ရှိသော လစာနှင့် စရိတ်အပြင် ချီးမြှင့်ငွေအဖြစ် ခံစားခွင့်ပြုလိုက်သည်။

အောင်သန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၇ ရက်)

အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ကိုကို အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၄၂/၂၀၂၂) အရ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်)

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ အောက်ပါ ရုံးအုပ်/ဦးစီးမှူး (၆) ဦးတို့အား ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှစ၍ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးအဆင့်သို့ တိုးမြှင့်ခန့်ထားလိုက်သည်-

| | | |
|---|---|---|
| (က) | ဒေါ်သူဇာဆန်း | ၁၄/ပသရ (နိုင်) ၀၅၃၂၉၆ |
| ( ခ ) | ဒေါ်စုစုကျော် | ၁၂/အစန (နိုင်) ၁၇၅၅၀၂ |
| ( ဂ ) | ဒေါ်ခင်ခင်သော် | ၁၂/ကမရ (နိုင်) ၀၄၃၇၀၉ |
| (ဃ) | ဒေါ်ရွှေဝါထွန်း | ၁၂/သကတ (နိုင်) ၁၀၉၁၃၆ |
| ( င ) | ဒေါ်သန္တာဇင် | ၁၂/ဥကမ (နိုင်) ၀၂၀၄၃၁ |
| ( စ ) | ဒေါ်ခင်နန္ဒာမျိုး | ၉/ မနမ (နိုင်) ၁၁၁၁၁၇ |

ဒေါက်တာ ပွင့်ဆန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၀၅၄/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

အဆင့်မြင့်ပညာဦးစီးဌာန၊ မန္တလေးအဝေးသင်တက္ကသိုလ်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာ သဇင် အား ၂၀၂၂ ခုနှစ်၊ မတ်လ ၁၄ ရက်နေ့မှစ၍ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်ပြုပြီး ခွင့်ရက်များကုန်ဆုံးမည့် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့ နံနက်ပိုင်းမှစ၍ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ ညွန့်ဖေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ အားကစားနှင့် လူငယ်ရေးရာဝန်ကြီး ဌာန၏ ဖွဲ့စည်းပုံကို ပြည်ထောင်စုဝန်ကြီးရုံး၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် လူငယ်ရေးရာဦးစီး ဌာနတို့ဖြင့် အောက်ဖော်ပြပါအတိုင်း အရာထမ်းရာထူး (၁၄၆၆) နေရာ၊ အမှုထမ်းရာထူး (၇၈၀၃) နေရာ စုစုပေါင်းရာထူး (၉၂၆၉) နေရာဖြင့် ဖွဲ့စည်းလိုက်သည်–

| စဉ် | ဌာန | အရာထမ်း | အမှုထမ်း | စုစုပေါင်း |
|---|---|---|---|---|
| ၁ | ပြည်ထောင်စုဝန်ကြီးရုံး | ၅၇ | ၁၂၅ | ၁၈၂ |
| ၂ | အားကစားနှင့် ကာယပညာဦးစီးဌာန | ၁၀၄၀ | ၆၁၆၇ | ၇၂၀၇ |
| ၃ | လူငယ်ရေးရာဦးစီးဌာန | ၃၆၉ | ၁၅၁၁ | ၁၈၈၀ |
| စုစုပေါင်း | | ၁၄၆၆ | ၇၈၀၃ | ၉၂၆၉ |

ဦးမင်းသိန်းဇံ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးချုပ်၊ တံတားတည်ဆောက်ရေးအဖွဲ့မှ ကိုယ်ပိုင်အမှတ်၊ ဆ/၁၇၉၁ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်ကျော်ထွေး အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၅/၂၀၂၂) ၏ ဆုံးဖြတ်ချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)၊ အင်ဂျင်နီယာချုပ် (မြို့ပြ) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ ကိုယ်ပိုင်အမှတ်၊ ဆလက/၄၇၄၁၇ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ-၁ (စက်မှု) ဦးဇော်ထက် အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာန၊ အထောက်အကူပြုဌာနခွဲ (စက်မှု) [တံတားအထူးအဖွဲ့ (၃) (၅) (တွဲဖက်)] တွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၆၉/၂၀၂၂)**

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ စာရင်းကိုင်-၁ (၂) ဦးတို့အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (ဘဏ္ဍာရေး) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန်<br>ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (က) | ဦးမောင်သင်<br>ဆလက/၄၁၀၀၀ | ငွေစာရင်းဌာနခွဲ |
| ( ခ ) | ဒေါ်မြင့်မြင့်ခင်<br>ဆလက/၄၃၁၈၄ | ငွေစာရင်းဌာနခွဲ |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၀/၂၀၂၂)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ-၁ (စက်မှု) (၃) ဦးတို့အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန်<br>ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (က) | ဦးသောင်းဌေး<br>ဆလက/၃၂၇၉ | စက်မှုဌာနခွဲ |
| ( ခ ) | ဦးမြင့်ဌေး<br>ဆလက/၃၂၃၅၉ | စက်မှုဌာနခွဲ |
| ( ဂ ) | ဦးတင်ဝင်းအောင်<br>ဆလက/၃၂၃၄၁ | ညွှန်ကြားရေးမှူးရုံး<br>(နေပြည်တော်) |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၇၁/၂၀၂၂)

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)၊ အငယ်တန်းအင်ဂျင်နီယာ-၁ (စက်မှု) (၂) ဦးတို့အား ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၈/၂၀၂၂) ၏ သဘောတူညီချက်အရ ၎င်းဦးစီးဌာနတွင် လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)၊ ဦးစီးအရာရှိ (စက်မှု) ရာထူးသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်<br>ကိုယ်ပိုင်အမှတ် | တိုးမြှင့်တာဝန်<br>ထမ်းဆောင်ရမည့်နေရာ |
|---|---|---|
| (က) | ဦးထွန်းအောင်ကျော်<br>ဆလက/၄၈၆၀၂ | စက်မှုဌာနခွဲ |
| ( ခ ) | ဦးကိုကိုလွင်<br>ဆလက/၄၇၄၁၆ | ညွှန်ကြားရေးမှူးရုံး<br>(ကရင်ပြည်နယ်) |

ရွှေလေး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ကျင်းပပြုလုပ်သော လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ၏ သဘောတူခွင့်ပြုချက်အရ လူမှုဝန်ထမ်းဦးစီးဌာနမှ အောက်ဖော်ပြပါ အရာထမ်း (၂) ဦးတို့အား လုပ်ငန်းလိုအပ်ချက်အရ ၎င်းတို့နှင့် ယှဉ်တွဲပါရာထူးနေရာများသို့ ပြောင်းရွှေ့တာဝန်ချထားလိုက်သည်-

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်သည့် ရာထူး၊ ဌာန | ပြောင်းရွှေ့တာဝန်ချထားမည့် ရာထူး၊ ဌာန |
|---|---|---|---|
| (က) | ဦးအေးမင်းညွှန့် | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီး<br>လူမှုဝန်ထမ်းရုံး၊ မကွေးမြို့ | ညွှန်ကြားရေးမှူး<br>ကလေး/လူငယ်ဌာနခွဲ<br>လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)<br>နေပြည်တော် |
| ( ခ ) | ဒေါ်ခင်သူဇာ | ညွှန်ကြားရေးမှူး<br>ကလေး/လူငယ်ဌာနခွဲ<br>လူမှုဝန်ထမ်းဦးစီးဌာန (ရုံးချုပ်)<br>နေပြည်တော် | ညွှန်ကြားရေးမှူး<br>မကွေးတိုင်းဒေသကြီး<br>လူမှုဝန်ထမ်းရုံး၊ မကွေးမြို့ |

ဒေါက်တာသက်သက်ခိုင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) ၏ သဘောတူဆုံးဖြတ်ချက်အရ ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တစ်ဖက်ဖော်ပြပါအရာထမ်းများအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ

ရာထူးနေရာများတွင် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထား လိုက်သည်-

| | **အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန** | **တိုးမြှင့်ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|---|
| (က) | ဦးမျိုးဝင်းညွန့်<br>ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>(စီမံကိန်းဌာနခွဲကြီးကြပ်) |
| ( ခ ) | ဦးဇေယျာမျိုးအောင်<br>ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ခရီးသွားမြှင့်တင်မှုဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(၄၁၈,၀၀၀-၄,၀၀၀-၄၃၈,၀၀၀)<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန<br>(ခရီးသွားမြှင့်တင်မှုဌာနခွဲနှင့် နိုင်ငံတကာနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်ရေးဌာနခွဲများ ကြီးကြပ်) |

## (ဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

၂၀၂၂ခုနှစ်၊ဖေဖော်ဝါရီလ ၂၄ရက်နေ့တွင် ကျင်းပပြုလုပ်သော ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ၏ (၇/၂၀၂၂) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ဝန်ကြီးရုံးနှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာနတို့မှ အောက်ဖော်ပြပါ အရာထမ်း (၄) ဦး တို့အား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့် နေ့မှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်-

| **စဉ်** | **အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန** |
|---|---|---|
| (က) | ဒေါ်မျိုးမျိုးသန်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ခရီးသွားမြှင့်တင်မှုဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ခရီးသွားမြှင့်တင်မှုဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန |
| ( ခ ) | ဦးဇော်လွင်ထက်<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ<br>ဝန်ကြီးရုံး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>မကွေးရုံးခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန |
| ( ဂ ) | ဒေါ်သန်းသန်းဌေး<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၃၀၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)<br>အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ဝန်ကြီးဌာနတွင်းစာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ<br>ဝန်ကြီးရုံး |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာန | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာန |
| --- | --- | --- |
| (ဃ) | ဦးတေဇာဉာဏ်ကျော်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>(၃၁၈,၀၀၀-၄,၀၀၀-၃၂၈,၀၀၀)<br>လေ့ကျင့်ရေးနှင့် ပညာပေးရေးဌာနခွဲ<br>ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲ<br>ဝန်ကြီးရုံး |

ဒေါက်တာ ဌေးအောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၃) ဦးတို့အား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါဌာနများရှိ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများတွင် လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
| --- | --- | --- |
| (က) | ဒေါ်မြသင်းခိုင်<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>ရိုးရာဓလေ့နှင့် အမွေအနှစ်ဌာနခွဲ (ရုံးချုပ်)<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| ( ခ ) | ဒေါ်သီတာမြင့်<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |
| ( ဂ ) | ဦးမိုးပန်းအောင်<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>စာပေနှင့် ဘာသာစကားဌာနခွဲ (ရုံးချုပ်)<br>တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာန |

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂) ၏ သဘောတူညီချက်အရ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး

ဌာန၊ တိုင်းရင်းသားအခွင့်အရေးများကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး၊ လစာနှုန်း (၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) (၂) ဦးတို့အား ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြပါဌာနများရှိ ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာများတွင် လုပ်ငန်းတာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါ်မာလာမြင့်အေး<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>ပဲခူးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |
| (ခ) | ဒေါ်အိဖြူခိုင်<br>ဒုတိယဦးစီးမှူး | ဦးစီးအရာရှိ<br>မကွေးတိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံး<br>တိုင်းရင်းသားအခွင့်အရေးများ<br>ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန |

စောထွန်းအောင်မြင့်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ကယားပြည်နယ်အစိုးရအဖွဲ့**

**ရုံးအမိန့်စာအမှတ် (၆/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်)

၁။ ကယားပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ ပြည်နယ်အမှုဆောင်အရာရှိ (ညွှန်ကြားရေးမှူး) ဦးကျော်သူအား သက်ပြည့်အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့်ဖြစ်သည့် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့မှ ဇွန်လ ၁၁ ရက်နေ့အထိ (၄) လကို မူလအခြေခံနည်းဥပဒေအပိုဒ် ၈၆ (က) (၁) နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂ အရ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ပြည်နယ်အမှုဆောင်အရာရှိ (ညွှန်ကြားရေးမှူး) ဦးကျော်သူ အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၀) နှစ်ပြည့်သည့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၂ ရက်နေ့မှ အောက်တိုဘာလ ၁၁ ရက်နေ့အထိ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၈၁ အရ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က) အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

ဖော်မျိုးတင်
ဝန်ကြီးချုပ်
ကယားပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရခိုင်ပြည်နယ်အစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

**ရခိုင်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

၁။ ရခိုင်ပြည်နယ်ရှိ တရားရုံးများတွင် စစ်ဆေးဆဲပြစ်မှုဆိုင်ရာမှုခင်းများကို မှန်ကန်မြန်ဆန်ပြီး တရားမျှတစွာ စစ်ဆေးဆောင်ရွက်နိုင်ရေးနှင့် တရားစွဲဆိုခံရသူများ၏ အခွင့်အရေးမဆုံးရှုံးစေရေးတို့အတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၂၁) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီးဖြစ်ရာ အဖွဲ့ဝင်အချို့မှာ အခြားဒေသများသို့ ပြောင်းရွှေ့သွားကြသဖြင့် **ရခိုင်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| | | |
|---|---|---|
| (က) | ဦးကျော်သူဇော်<br>ပြည်နယ်အုပ်ချုပ်ရေးမှူး<br>ရခိုင်ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | အဖွဲ့ခေါင်းဆောင် |
| ( ခ ) | ရဲမှူးကြီး မြင့်ကြည်<br>ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူး<br>ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့ | အဖွဲ့ဝင် |
| ( ဂ ) | ဦးဇော်မျိုးအောင်<br>ပြည်နယ်ဦးစီးမှူး<br>ပြည်နယ်အကျဉ်းဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်မြအေး<br>ပြည်နယ်တရားရေးဦးစီးမှူး<br>ရခိုင်ပြည်နယ်တရားလွှတ်တော် | အဖွဲ့ဝင် |
| ( င ) | ဦးဝင်းမောင်<br>ပြည်နယ်ဥပဒေအရာရှိ<br>ရခိုင်ပြည်နယ်ဥပဒေချုပ်ရုံး | အဖွဲ့ဝင် |
| ( စ ) | ဦးအောင်မျိုး<br>ပြည်နယ်ဦးစီးမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာရခိုင်ပြည်နယ်ဦးစီးမှူးရုံး | အဖွဲ့ဝင် |
| (ဆ) | ဦးသူရိန်ထွဋ်<br>ပြည်နယ်ရွေးကောက်ပွဲအရာရှိ<br>ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ | အဖွဲ့ဝင် |

၂။ ရခိုင်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့သည် တရားရုံးများတွင် စစ်ဆေးဆဲဖြစ်သည့် ပြစ်မှုဆိုင်ရာမှုခင်းများကို တရားမျှတစွာဖြင့် မှန်မှန်နှင့် မြန်မြန်ဆောင်ရွက်နိုင်ရေး မိမိတို့၏ကဏ္ဍအလိုက် အလေးထားဆောင်ရွက်ရန်နှင့် မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်ရာတွင် အခက်အခဲသို့မဟုတ် အားနည်းချက်တစ်စုံတစ်ရာရှိပါက ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဝင်အချင်းချင်း ချိတ်ဆက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှုခင်းများ မှန်ကန်၊ မြန်ဆန်စွာ ပြီးပြတ်အောင်ဆောင်ရွက်ရန်ဖြစ်သည်။

၃။ ရခိုင်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) တရားရုံးများ ရုံးချိန်းအတွင်း အပြည့်အဝရုံးထိုင်နိုင်ရေး ဆောင်ရွက်ပေးခြင်း၊

(ခ) တရားစွဲအဖွဲ့အစည်းများက တရားစွဲတင်ရာတွင် အမှုနှင့်ပတ်သက်သည့် သက်သေခံအထောက်အထားများ၊ သက်သေခံပစ္စည်းများ ပြည့်စုံစွာတင်ပြစေရန် ကြပ်မတ်ခြင်း၊

(ဂ) တရားရုံးက ဆင့်ဆိုသည့်သက်သေများ ရုံးချိန်းရက်တွင် သက်သေခံနိုင်ရေးအတွက် သမ္မန်စာများ စနစ်တကျ ဆင့်ဆိုအတည်ပြုဆောင်ရွက်ရန် ကြပ်မတ်ခြင်း၊

(ဃ) တရားရုံးကထုတ်ဆင့်သည့် လူဖမ်းဝရမ်းများ၊ ပစ္စည်းရှာဝရမ်းများ၊ ပစ္စည်းသိမ်းဝရမ်းများကို စနစ်တကျ အတည်ပြုပြီး သတ်မှတ်ရက်တွင် တရားရုံးသို့တင်ပို့ရန် ကြပ်မတ်ခြင်း၊

(င) အချုပ်တရားခံများ အချိန်မီ ရုံးရှေ့တင်ပို့ရန် ကြပ်မတ်ခြင်း၊

(စ) စစ်ဆေးဆဲအမှုနှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ လိုအပ်ပါက ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တရားစီရင်ရေးကို ဝင်ရောက်စွက်ဖက်သည့် သဘောသက်ရောက်သော ဆောင်ရွက်မှုမျိုးမရှိစေရေး သတိပြုဆောင်ရွက်ရန်နှင့် တရားရုံး၏ စစ်ဆေးစီရင်ခြင်းကို မထိခိုက်စေဘဲ တရားစီရင်ရေးဆိုင်ရာ လုပ်ငန်းများတွင် အခက်အခဲများဖြစ်ပေါ်လာပါက ပေါင်းစပ်ညှိနှိုင်း၍ မှန်ကန်၊ မြန်ဆန်အောင် ဆောင်ရွက်ပေးခြင်း၊

(ဇ) ရခိုင်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ အစည်းအဝေးအား နှစ်ပတ် တစ်ကြိမ် ကျင်းပပြုလုပ်ခြင်း၊

(ဈ) ပြည်နယ်အဆင့်တွင် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရာ၌ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များရှိပါက တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြုလုပ်ငန်းအဖွဲ့သို့ တင်ပြ၍ ဆောင်ရွက်ပေးခြင်း။

၄။ ရခိုင်ပြည်နယ်တရားစီရင်ရေးဆိုင်ရာကိစ္စရပ်များ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့၏ လုပ်ငန်းတိုးတက်မှု အစီရင်ခံစာအား နှစ်ပတ် တစ်ကြိမ် တရားရုံးစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာမှုခင်းများ တရားစီရင်ရေး အထောက်အကူပြု လုပ်ငန်းအဖွဲ့သို့ တင်ပြရမည်။

ဒေါက်တာ အောင်ကျော်မင်း
ပြည်နယ်ဝန်ကြီးချုပ်
ရခိုင်ပြည်နယ်အစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

**အမိန့်ကြော်ငြာစာအမှတ် (၄/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်အပ်ခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၂) အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းဟန်စိုး အား ဘဏ်လုပ်ငန်းကြီးကြပ်စစ်ဆေးရေးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၅/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၂ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၇ နှင့် ပုဒ်မ ၂၂ တို့အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာအား ထုတ်ပြန်လိုက်သည်။

၂။ ထိုင်း-မြန်မာ နှစ်နိုင်ငံကုန်သွယ်မှုကို တိုးမြှင့်နိုင်ရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ချောမွေ့စေရန်၊ နှစ်နိုင်ငံငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ် လွယ်ကူချောမွေ့စေရန်နှင့် ASEAN Financial Integration ၏ ရည်ရွယ်ချက်များနှင့်အညီ ပြည်တွင်းငွေကြေးသုံးစွဲမှုကို တိုးမြှင့်ရန်တို့အတွက် ရည်ရွယ်၍ ထိုင်း-မြန်မာ နှစ်နိုင်ငံ နယ်စပ်ဒေသတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ဆောင်ရွက်ခွင့်ပြုလိုက်သည်။

၃။ ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေမှုကို ဆောင်ရွက်ခွင့်ရသည့်ဘဏ် (Designated Bank) များတွင် နယ်စပ်ကုန်သွယ်မှုဆောင်ရွက်မည့် သွင်းကုန်တင်သွင်းသူများနှင့် ပို့ကုန်တင်ပို့သူများ၏ ဘတ်စာရင်း ဖွင့်လှစ်ခွင့်ပြုသည်။

၄။ သို့ဖြစ်၍ ဆောင်ရွက်ခွင့်ပြုသည့် Designated Bank များသည် ထိုင်း-မြန်မာ နှစ်နိုင်ငံနယ်စပ် ကုန်သွယ်မှုတွင် ဘတ်/ကျပ် တိုက်ရိုက်အသုံးပြုပေးချေရေး လုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက် (Guideline) အား လိုက်နာဆောင်ရွက်ရန်ဖြစ်သည်။

၅။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်သည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

သန်းညိန်း

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ် – ၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း


ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် (၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၂)**

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ဖွဲ့စည်းပုံတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀) ရာထူးနေရာများသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ သဘောတူညီချက်အရ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူးများအား ယင်းတို့နှင့်ယှဉ်တွဲပါ ရုံး/ဌာနကြီးများတွင် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်–

| စဉ် | အမည် | ရုံး၊ ဌာနကြီး |
|---|---|---|
| (၁) | ဒေါ်ဝင်းပပမျိုး | စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး |
| (၂) | ဒေါ်မြသီတာထွန်း | လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး |
| (၃) | ဦးနိုင်ဝင်း | သမ္မတဦးစီးရုံး |
| (၄) | ဒေါ်နွယ်နီအောင် | အိမ်တော်များဌာနကြီး |
| (၅) | ဒေါ်ဇင်ဝေဝေ | သမ္မတဦးစီးရုံး |
| (၆) | ဦးစည်သူအောင် | ပြည်ထောင်စုဝန်ကြီးရုံးအဖွဲ့ |
| (၇) | ဒေါ်ချိုချိုကျော် | ပြည်ထောင်စုဝန်ကြီးရုံးအဖွဲ့ |
| (၈) | ဦးသော်တာဝင်း | ပြည်ထောင်စုဝန်ကြီးရုံးအဖွဲ့ |
| (၉) | ဒေါ်ဇင်ဝင်းမော် | သမ္မတဦးစီးရုံး |
| (၁၀) | ဦးကျော်ကျော်နိုင် | သမ္မတဦးစီးရုံး |
| (၁၁) | ဦးရဲထွဋ်ဖော် | စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး |
| (၁၂) | ဒေါ်အိအိဖြိုး | အိမ်တော်များဌာနကြီး |
| (၁၃) | ဒေါ်ချစ်စုမြတ် | နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး |
| (၁၄) | ဒေါ်မေဆန်းဦး | သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး |
| (၁၅) | ဒေါ်နန်းဆိုင်အွမ် | ဒုတိယသမ္မတ (၁) ဦးစီးရုံး |

| စဉ် | အမည် | ရုံး၊ ဌာနကြီး |
|---|---|---|
| (၁၆) | ဒေါ်ဇင်မာလွင် | နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး |
| (၁၇) | ဒေါ်မွန်မွန်အောင် | အိမ်တော်များဌာနကြီး |
| (၁၈) | ဒေါ်ထူးထူး | အိမ်တော်များဌာနကြီး |
| (၁၉) | ဦးဝေလင်းထွန်း | သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး |
| (၂၀) | ဒေါ်ဟေမာစိုး | စီးပွားရေးရာဌာနကြီး |
| (၂၁) | ဒေါ်မိုးမိုးမာ | သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး |
| (၂၂) | ဒေါ်မေထိုက်ထိုက်ထွန်း | သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး |
| (၂၃) | ဒေါ်ပန်းအိမွန် | စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး |
| (၂၄) | ဒေါ်နုနုလွင် | သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး |
| (၂၅) | ဦးကောင်းထက်သူ | စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး |
| (၂၆) | ဒေါ်သင်းသင်းခိုင် | နိုင်ငံရေးနှင့် လုံခြုံရေးဌာနကြီး |
| (၂၇) | ဦးနိုင်ကိုမင်း | လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး |
| (၂၈) | ဒေါ်အေးမွန်သာ | လူမှုရေးနှင့် ယဉ်ကျေးမှုဌာနကြီး |
| (၂၉) | ဒေါ်နွယ်နွယ်အောင် | စီးပွားရေးရာဌာနကြီး |
| (၃၀) | ဒေါ်စောယုမွန် | စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး |
| (၃၁) | ဦးကျော်သူဝင်း | စီးပွားရေးရာဌာနကြီး |
| (၃၂) | ဦးမင်းယုနိုင် | သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး |
| (၃၃) | ဦးဟိန်းပြည့်ဖြိုး | သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး |
| (၃၄) | ဦးစိုးနိုင်ဦး | စီမံရေးနှင့် ဘဏ္ဍာရေးဌာနကြီး |
| (၃၅) | ဦးအာကာကျော်သိန်း | သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး |
| (၃၆) | ဒေါ်လွင်လွင်ငွေ | သတင်းနှင့် လုံခြုံရေးဆိုင်ရာဌာနကြီး |

ခင်လတ်
အမြဲတမ်းအတွင်းဝန်

## ပြည်သူ့လွှတ်တော်ရုံး

### အမိန့်ကြော်ငြာစာအမှတ် (၉/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်တွင် ကျင်းပသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၂၂) ၏ သဘောတူညီချက်အရ အောက်ဖော်ပြပါ ဦးစီးမှူး (၂၆) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်ဝတ္တရားများစတင် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| (၁) | ဒေါ်နီနီမြင့်အောင် | (၃) | ဦးမင်းဝေ |
| (၂) | ဒေါ်ရင်ရင်နု | (၄) | ဒေါ်အေးအေးထက် |

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| (၅) | ဒေါ်လွင်မီကျော် | (၁၆) | ဒေါ်ဝေဝေသန်း |
| (၆) | ဦးစိုင်းဆိုင်လျန်ခမ်း | (၁၇) | ဒေါ်သီသီဆွေ |
| (၇) | ဒေါ်ကျော့ကေဇင် | (၁၈) | ဒေါ်ချစ်ဆုမာလာမြင့် |
| (၈) | ဒေါ်ဝေဝေလွင် | (၁၉) | ဒေါ်ဖြူရည်မွန် |
| (၉) | ဒေါ်အိချိုသိမ့် | (၂၀) | ဒေါ်သဲအိစိုး |
| (၁၀) | ဒေါ်မြင့်မြင့်စန်း | (၂၁) | ဒေါ်မြမြဆွေ |
| (၁၁) | ဒေါ်ဇင်မာထွန်း | (၂၂) | ဒေါ်ဇင်မာစိုး |
| (၁၂) | ဒေါ်ယဉ်မွန်သီ | (၂၃) | ဒေါ်ကေသီစိုး |
| (၁၃) | ဒေါ်နှင်းရည်အေး | (၂၄) | ဒေါ်နှင်းဝေဖြူ |
| (၁၄) | ဒေါ်သီရိမွန် | (၂၅) | ဒေါ်မြစန္ဒာမော် |
| (၁၅) | ဒေါ်ဟန်နီအောင် | (၂၆) | ဒေါ်ခင်စိုးလတ် |

တင်ဝင်းအောင်
ညွှန်ကြားရေးမှူးချုပ်

## စစ်ရာထူးခန့်ချုပ်ရုံး
## (ကြည်းတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်)

အမှတ် ၃၁/၂၀၂၂။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

ကျော်ကျော် ကြည်း ၇၈၂၇၀

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

အမှတ် ၃၃/၂၀၂၂။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

တင်ထွန်းအောင် ကြည်း ၇၈၂၇၁

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၆ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက်)

အမှတ် ၃၄/၂၀၂၂။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| (၁) ကပ်ခန့်ငင် | ကြည်း | ၇၈၂၇၂ |
| (၂) မြင့်ဆွေ | ကြည်း | ၇၈၂၇၃ |
| (၃) စိုးနိုင် | ကြည်း | ၇၈၂၇၄ |

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

အမှတ် ၃၆/၂၀၂၂။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| မြင့်ဇော်လေး | ကြည်း | ၇၈၂၇၅ |

## (ရေတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

အမှတ် ၃/၂၀၂၂။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၂၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| အောင်စိုးလင်း | ရေ | ၅၆၉၀ |

## (လေတပ်ဌာနစု)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်
(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

အမှတ် ၃/၂၀၂၂။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၁၂၇) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှအစပြု၍ တပ်မတော် (လေ) အုပ်ချုပ်မှု ဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| (၁) မောင်မောင်စိန် | လေ | ၄၅၃၃ |
| (၂) ခွါလ်ခန့်ခုပ် | လေ | ၄၅၃၄ |
| (၃) ထိန်ဝင်း | လေ | ၄၅၃၅ |
| (၄) အောင်ရွှေ | လေ | ၄၅၃၆ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်
စစ်ရာထူးခန့်ချုပ်
စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၇/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်၊ အမှတ် (၁) ရပ်ကွက်၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၈/ ကချင်စုမြောက်)၊ ဦးပိုင်အမှတ် (၆၂/၂၊ ၆၃) ရှိ **မြေဧရိယာ ၀.၃၇၂ ဧက** အား **တရုတ်ဗုဒ္ဓဘာသာရှစ်ပါးသီလကျောင်း** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

### အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၂)

နေပြည်တော်၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မိတ္ထီလာမြို့နယ်၊ ညောင်ပင်လှိုကျေးရွာအုပ်စု၊ ကွင်း/ အကွက်အမှတ်နှင့် အမည် (၇၀၉/ စပါးစေ့ရိုး)၊ ဦးပိုင်အမှတ် (၇၉၊ ၈၁/က)၊ မြေကွက်အမှတ် (၄၈၃၊ ၄၈၉) ရှိ **မြေဧရိယာ ၅.၃၈ ဧက** အား **ထီလာလင်္ကာရကျောင်းတိုက်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အထက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ ၅၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

မြင့်သန်း
ညွှန်ကြားရေးမှူးချုပ်
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

### အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်စွဲပါ စာအမှတ်၊ ၉၇/တမ-၂/၂၇/၂/၂၀၂၂ ကိုညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ စာအမှတ်၊ ၀၂၇/၁-နစရ/ဝကရ (၂၇၈) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းမှ အောက်ပါနည်းပြ (၄) ဦးတို့အား ယှဉ်တွဲပါရာထူးနေရာများသို့ အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၁။ | ဒေါ်နန်းဟွမ်နွန်းအေး<br>နည်းပြ<br>အင်္ဂလိပ်စာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>အင်္ဂလိပ်စာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

| စဉ် | အမည်၊ ရာထူး၊ ဌာန၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ ဌာန၊ လစာနှုန်း |
|---|---|---|
| ၂။ | ဒေါ်အေးမိုးသူ<br>နည်းပြ<br>အင်္ဂလိပ်စာဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>အင်္ဂလိပ်စာဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ဒေါ်နုနုဌေး<br>နည်းပြ<br>အိမ်တွင်းမှုသိပ္ပံဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>အိမ်တွင်းမှုသိပ္ပံဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၄။ | ဒေါ်နန့်သန်းနွယ်<br>နည်းပြ<br>တိုင်းရင်းဘာသာနှင့်<br>ယဉ်ကျေးမှုဌာန<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | လက်ထောက်ကထိက<br>တိုင်းရင်းဘာသာနှင့်<br>ယဉ်ကျေးမှုဌာန<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## အမိန့်ကြော်ငြာစာအမှတ် (၁၈/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်စွဲပါ စာအမှတ်၊ ၁၃၆/တမ-၂/၄၇/၂/၂၀၂၂ ကိုညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ (၃၅၄) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ရုံးချုပ်မှ အောက်ဖော်ပြပါ ဒုတိယဦးစီးမှူး (၃) ဦးတို့အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ လစာနှုန်း | တိုးမြှင့်ခန့်ထားမည့် ရာထူး၊ လစာနှုန်း |
|---|---|---|
| ၁။ | ဦးအောင်ထွေးလှိုင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၂။ | ဒေါ်ဇင်မာလွင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |
| ၃။ | ဦးဇော်ဝင်းလှိုင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀) | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) |

## အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၂) ခွင့်ပြုချက်အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်း၊ ပထဝီဝင်ဌာန ပါမောက္ခ ဒေါ်သန်းသန်းအေး အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ ၈၁ အရ ပျမ်းမျှလစာဖြင့် ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၈ ရက်နေ့ထိ ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးသည့် ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၉ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ ၂၃၃၊ နည်းဥပဒေခွဲ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

## အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၈ ရက်)

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၃ ရက်စွဲပါ စာအမှတ်၊ ၁၉၁/တမ-၂/၇၁/၂/၂၀၂၂ ကို ညွှန်းလျက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၄ ရက်စွဲပါ စာအမှတ်၊ ၀၄၇/၁-နစရ/ဝကရ (၄၇၈) အရ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်၊ စစ်ကိုင်းမှ ရုံးအုပ်၊ လစာနှုန်း (၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀) ဒေါ်ချိုချိုမာ အား ဦးစီးအရာရှိ၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ အလုပ်တာဝန်များ စတင် ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

သိန်းဌေးဦး

ညွှန်ကြားရေးမှူးချုပ်

ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

## စီမံရေးရာဦးစီးဌာန

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၈ ရက်)

အမှတ် ၃၁။ ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်ဥပဒေရုံးမှ အစမ်းခန့် ဒုတိယမြို့နယ် ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၄) ဒေါ်စိမ်းလဲ့ဉာဏ်ရွှေ (ဥ/၃၈၁၅) အား ၂၀၂၂ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဒေါက်တာ သီတာဦး

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်

စီမံရေးရာဦးစီးဌာန

## အကောက်ခွန်ဦးစီးဌာန

ရန်ကုန်မြို့၊ ၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက်)

အမှတ် ၄။ ပင်လယ်ရေကြောင်း အကောက်ခွန်အက်ဥပဒေပုဒ်မ ၁၁ တွင် အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊

သာကေတကမ်းလွန်ဒေသရေနံအခြေစိုက်စခန်းရှိ လုပ်ငန်းပိုင် Jetty တွင် ရေနံလုပ်ငန်းသုံးပစ္စည်းများ အတင်/အချ ပြုလုပ်ဆောင်ရွက်နိုင်ရန်အတွက် အဆိုပါနေရာအား အကောက်ခွန်ဆိပ်ကမ်းတံတားနေရာအဖြစ် ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့မှ ၂၀၂၂ ခုနှစ်၊ မေလ ၇ ရက်နေ့အထိ (၃) လ ယာယီဆိပ်ကမ်းအဖြစ် သက်တမ်းတိုးမြှင့်သတ်မှတ်လိုက်သည်။

သိန်းဆွေ
ညွှန်ကြားရေးမှူးချုပ်
အကောက်ခွန်ဦးစီးဌာန

## ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၂၂)

၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

(၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်စွဲပါ စာအမှတ်၊ စဘ/ ဘဏ္ဍာ-၁/၂/၄-၁ (၁၈၇၅/၂၀၂၂) ခွင့်ပြုချက်အရ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ရုံးချုပ်) မှ အောက်ဖော်ပြပါ စိစစ်ရေးမှူး (၂) များအား ၂၀၂၂ ခုနှစ်၊ မတ်လ ၁၁ ရက်မှစ၍ ဦးစီးအရာရှိရာထူး၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) များအဖြစ် တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည် |
|---|---|
| ၁။ | ဒေါ်မေလှဲ့မွန် |
| ၂။ | ဒေါ်ဆွေလှဲ့မွန် |

သီတာထွန်း
ညွှန်ကြားရေးမှူးချုပ်
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)

၁၃၈၃ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်

(၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

အမှတ် ၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ်-၁/၀၁/၁၀၀၀(က)/၂၂၄/၂၀၂၂ အရ နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်)၊ ဒီဇိုင်းနှင့် ပုံထုတ်ဌာနခွဲမှ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)၊ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဒေါက်တာမူမူသန်း အား လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ရာထူးသို့ စတင်သတင်းပို့တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်ပြီး နေပြည်တော်၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရုံးချုပ်) မှ ညွှန်ကြားရေးမှူး၏ အလုပ်ဝတ္တရားများအပြင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဒုတိယညွှန်ကြားရေးမှူး (IR) လုပ်ငန်းတာဝန်များကိုပါ ပူးတွဲထမ်းဆောင်စေလိုက်သည်။

ဗိုလ်ဗိုလ်ကျော်
ညွှန်ကြားရေးမှူးချုပ်
ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၃ ခုနှစ်၊ တန်ခူးလဆန်း ၈ ရက် (၂၀၂၂ ခုနှစ်၊ ဧပြီလ ၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

### ဇော်ဝင်းသိန်းအတတ်ပညာနှင့်ဆိုင်သော ဝန်ဆောင်မှုကုမ္ပဏီလီမိတက်
### (ZAW WIN THEIN PROFESSIONAL SERVICES CO., LTD)
### ဖျက်သိမ်းရန် ကြေညာချက်

၁။ ZAW WIN THEIN PROFESSIONAL SERVICES COMPANY LIMITED ကို အစုရှင်များ၏ ဆန္ဒအရ အလိုအလျောက်ဖျက်သိမ်းရန် (၃၁.၃.၂၀၂၂) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသော သာမန်ထက်ထူးကဲသည့် အထွေထွေအစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ယင်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် အမှတ် (၁၄၅)၊ ပထမထပ်၊ ၄၅ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်ဇာနည်ညို B.Com., CPA., LCCI., M.S.A, (အစိုးရအသိအမှတ်ပြုလက်မှတ်ရစာရင်းကိုင်နှင့် စာရင်းစစ်) [၁၂/ ဗတထ (နိုင်) ၀၂၄၀၄၇] အား ခန့်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို (၁) လအတွင်း ဒေါ်ဇာနည်ညိုထံ ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဒေါ်ခင်စန်းမြင့် | ဒေါ်ဇာနည်ညို |
| အုပ်ချုပ်မှုဒါရိုက်တာ | စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ |
| ZAW WIN THEIN PROFESSIONAL SERVICES COMPANY LIMITED | ZAW WIN THEIN PROFESSIONAL SERVICES COMPANY LIMITED |
| | Phone: 09–43201827, 09–979886630 |
| | Phone: 01–8397008, 01–8294491 |

## LION ENERGY GENERAL SERVICES COMPANY LIMITED အား
## အပြီးသတ်ဖျက်သိမ်းနိုင်ရန်အတွက် နောက်ဆုံးအစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားခြင်း

ကုမ္ပဏီ၏စာရင်းများကို ရှင်းလင်းပြုစုဆောင်ရွက်ထားပြီးဖြစ်၍ အစုရှင်များအားလုံးကို တင်ပြအတည်ပြုချက်ရယူလိုပါသဖြင့် အောက်ပါအတိုင်း ကျင်းပမည့်အစည်းအဝေးသို့ အစုရှင်များမပျက်မကွက် တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်နေ့ရက် – ၈.၅.၂၀၂၂

ကျင်းပမည့်အချိန် – နံနက် (၁၀:၃၀) နာရီ

ကျင်းပမည့်နေရာ – NO. (135), SHWE HNIN SI STREET, WARD NO (5), MAYANGONE TOWNSHIP, YANGON REGION, MYANMAR.

အစည်းအဝေးတွင် စာရင်းရှင်းလင်းရေးအရာရှိ၏ အစီရင်ခံစာရှင်းလင်းချက်များနှင့် စာရင်းရှင်းလင်းပြီးစီးမှုများကို တင်ပြမည်ဖြစ်ပါသည်။

အစုရှယ်ယာရှင်များအားလုံး အစည်းအဝေးတက်ရောက်ရန် ဖိတ်ကြားအပ်ပါသည်။

DAW SAN KYI
B.Com (Q), CPA
Certified Public Accountant
AUDITOR & FINANCIAL CONSULTANT

## IDBOX (MYANMAR) COMPANY LIMITED
## (In members' voluntary winding–up)

Extract of the Minutes of a Special General Meeting of the members of Idbox (Myanmar) Company Limited, held at No.18, 2nd Floor & 3rd Floor, Sakarphyu Street, (14/3) Ward, Myinthar, South Okkalapa Township, Yangon Region, Myanmar 11091, on 31st day of March 2022:–

**SPECIAL RESOLUTION**

**THAT,** the Company be wound up by the members voluntarily pursuant to Section 345 (b) of the Myanmar Companies Law.

**ORDINARY RESOLUTIONS**

**"THAT",** Daw Cho Cho Myint and Daw Thazin Su Wei be appointed Liquidators of the Company to act for the purpose of such winding–up.

Mr. Miyata Koji
Chairman

Cho Cho Myint and Daw Thazin Su Wei
Liquidators

## မန်းမန္တလာ ဒီဗလော့(ပ်) မန့် ကုမ္ပဏီလီမိတက်
## (အစုရှင်များ၏ ဆန္ဒအလျောက် ဖျက်သိမ်းဆဲ)
## မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၁၁ အရ
## အစုရှင်များ၏ အပြီးသတ်အထွေထွေ အစည်းအဝေးဖိတ်ကြားခြင်း

အစုရှယ်ယာရှင်များ၏ အပြီးသတ်အထွေထွေအစည်းအဝေးကို အမှတ် ၁၉/၄၉ (၂-ခ)၊ ဗဟိုလမ်းနှင့် နီလာလမ်းထောင့်၊ ၁၃ ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၂ ခုနှစ်၊ မေလ ၁၃ ရက် နံနက် ၁၀:၀၀ နာရီအချိန်တွင် ကျင်းပ၍ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းကို တင်ပြမည်ဖြစ်သဖြင့် အစုရှယ်ယာရှင်များအားလုံးတက်ရောက်ပါရန် ဖိတ်ကြားပါသည်။

ဒေါ်တင်တင်ရီ
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
အခန်း (၄)၊ ပထမထပ်၊ အမှတ် ၂၄ (ဂ)၊ ယောမင်းကြီးလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

## KAUNG PYAE THANT COMPANY LIMITED
## ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **KAUNG PYAE THANT COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၃၁.၃.၂၀၂၂) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသောသာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ် အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

| | |
|---|---|
| ဦးဇင်ဝေ | Aung Tun Lin |
| B.Com (AA); CPA (၂၁၀) | Managing Director |
| စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ | Kaung Pyae Thant Co.,Ltd |

## T6 DECOR COMPANY LIMITED
## ဖျက်သိမ်းရန်ကြော်ငြာချက်

၁။ **T6 DECOR COMPANY LIMITED** ကို အစုရှင်များဆန္ဒအလျောက်ဖျက်သိမ်းရန် (၃၁.၃.၂၀၂၂ ) နေ့က ကုမ္ပဏီရုံးခန်းတွင် ကျင်းပသောသာမန်ထက်ထူးကဲသည့် အထွေထွေအရပ်ရပ်အစည်းအဝေးက အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။

၂။ ၎င်းအစည်းအဝေးကပင် ကုမ္ပဏီစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် တိုက်အမှတ် (၂၉၅)၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေ ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်အား ခန့်အပ်ထားရန် ဆုံးဖြတ်ခဲ့ပါသည်။

၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီထံပေးရန်နှင့် ရရန်ရှိသည်များကို တစ်လအတွင်း ဦးဇင်ဝေ (၂၁၀) လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ကြေညာလိုက်ပါသည်။

ဦးဇင်ဝေ
B.Com (AA); CPA (၂၁၀)
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

Cho Cho Pyone
Managing Director
T6 Decor Company Limited

## Shwe Taung Pyar Dan Gems Co., Ltd
### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေပုဒ်မ ၃၅၇ နှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေပုဒ်မ ၂၁၁ အရ (အစုရှင်များ၏ ဆန္ဒအရ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း) အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန်ဖိတ်ကြားခြင်း

**Shwe Taung Pyar Dan Gems Co., Ltd** (စာရင်းရှင်းလင်းဖျက်သိမ်းဆဲ) ၏ အပြီးသတ်အထွေထွေအစည်းအဝေးကို (၉-၅-၂၀၂၂) ရက်နေ့ နံနက် (၁၀:၀၀) နာရီအချိန်တွင် အမှတ် ၂၆၉၊ အညာစုလမ်း၊ မရမ်းကုန်းမြို့နယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်များအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါမည်။

ဦးကျော်ညွန့်
[BA, D.S, CPA. (R.A)]
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ

ပ၊ ထ၊ န - အမှတ် ၅၇၅/ ၂၁/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၈၅၀/ ၈-၄-၂၀၂၂။